မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၂၉)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ အင်္ဂါနေ့


# ဝဲနမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက် (၂၀)ခုနှင့် ကျေးရွာအချို့ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဲနမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့်ကျောင်းကုန်းမြို့နယ်များရှိရပ်ကွက် ၂၀ ခုနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ❍



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်နှင့်စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။



# ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ ကျမ်းစာအုပ်များဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာရှိ ဓမ္မသဟာယ သာသနစင်တာ၌ သီတင်းသုံးတော်မူလျက်ရှိသည့် ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ သာသနာရေးဝန်ကြီးဌာန

စာမျက်နှာ ၆ ကော်လံ ၁ ⇨




# မန္တလေး-မတ္တရာရထားလမ်းပိုင်းရှိ သူရဲဈေး-တောင်ပြုံး၊ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြားသဖြင့် ရထားတိုးချဲ့ပြေးဆွဲ

**နေပြည်တော် ဩဂုတ် ၂၄**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရန် မ-၄၁၊ မ-၄၃ သူရဲဈေး-တောင်ပြုံးနှင့် မ-၄၂၊

စာမျက်နှာ ၁၂ ကော်လံ ၄ ❒




# လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်နှင့်

စာမျက်နှာ ၁၅ ကော်လံ ၃ ➢

## မျိုးမြေရေနည်း ပေါင်းစည်းဝေဆာ ဖွံ့ဖြိုးလာသည့် နိုင်ငံဘဏ္ဍာ မြန်မာ့ဝါ

ဆောင်းပါး စာ - ၁၃ သို့



## ယနေ့ဖတ်စရာ


အိန္ဒိယသမ္မတနိုင်ငံက တပ်မတော်ဆေးတက္ကသိုလ်အတွက် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း — စာ - ၁၆ သို့

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ — စာ - ၃ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၅ ရက်)

## မြန်မာဆိုသည့်စိတ်ဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်

ပြည်သူများတစ်ခဲနက်မဲပေးရွေးချယ်မှုဖြင့်ပေါ်ပေါက်လာသည့် ပြည်သူ့အစိုးရတစ်ရပ်၏ နိုင်ငံတော်သမ္မတအဖြစ်တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ သံတမန်ဆက်ဆံရေးကို စတင်ခဲ့ပြီး စဉ်ဆက်မပြတ်ကောင်းမွန်သည့်ဆက်ဆံရေးရှိခဲ့သည်။ ခေတ်အဆက်ဆက်တွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အကူအညီများပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရတည်ငြိမ်မှုမရှိခြင်းသည် နိုင်ငံအတွက် အားနည်းချက်ဖြစ်ပြီး ကိုလိုနီလက်အောက်သို့ရောက်ခဲ့ရခြင်း၏အကျိုးဆက်များဖြစ်သည်။ ထိုသို့ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် နှစ်ပေါင်းများစွာတိုးတက်မှုမရှိခဲ့သည်မှာ သင်ခန်းစာယူဖွယ်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတသည် မိမိနိုင်ငံကို တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်တွင် တာဝန်ယူစဉ်ကပင် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့်စိတ်ဖြင့် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင်လည်း နိုင်ငံကောင်းမွန်တိုးတက်အောင် စိတ်ရင်းစေတနာအမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများနှင့်သင်တန်းသားများအား ဩဂုတ်လ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **“ယခုအခါ မိမိတို့နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခန်းကဏ္ဍများတွင်သာမက ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍများအပါအဝင် အခြားနှစ်နိုင်ငံအကြား ကူးလူးဆက်ဆံနိုင်သည့် ကဏ္ဍပေါင်းစုံတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မိမိတို့တတ်ကျွမ်းထားသည့် အတတ်ပညာများကိုအသုံးချခြင်းအားဖြင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ပညာတော်သင်များ ပြည်ပသို့စေလွှတ်ခြင်းသည် နိုင်ငံတော်အနေဖြင့် ငွေကြေးနှင့်လုပ်အားများ ရင်းနှီးစိုက်ထုတ်ပေးထားရခြင်းဖြစ်သဖြင့် ပညာတော်သင်တစ်ဦးချင်း၏ကြိုးစားအားထုတ်မှုများသည် နိုင်ငံ့အကျိုးအတွက် အထောက်အကူပြုနိုင်ရန်လိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

လူငယ်များသည် နောင်တစ်ခေတ်နိုင်ငံတော်၏ကောင်းကျိုးသယ်ပိုးရမည့်သူများဖြစ်သည့်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရည်ထူးချွန်မှုကို အလေးထားသည့်အနေဖြင့် ပညာအရည်အချင်းအရ ထိုက်သင့်သောနိုင်ငံ့တာဝန်ထမ်းဆောင်စေခြင်း၊ ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသူများအနေဖြင့် နိုင်ငံတကာဆက်ဆံရေးများကောင်းမွန်စေရေး၊ လုပ်ငန်းခွင်များတွင် ဆက်ဆံရေးများကောင်းမွန်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဓိကအားဖြင့် အတတ်ပညာများကို သင်ကြားလျက်ရှိသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေကြရမည်ဖြစ်သည်။ ဤလောကတွင် ပညာသည်သာ အရာရာကိုဦးဆောင်နေခြင်းဖြစ်၍ ပညာပြည့်ဝနှလုံးလှသူများဖြစ်အောင် ကြိုးစားနေကြရမည်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် သံတမန်များအဖြစ် သွားရောက်တာဝန်ထမ်းဆောင်နေကြသူများနှင့် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများသည် သက်ဆိုင်ရာဌာနများအလိုက် ခေါင်းဆောင်များပင်ဖြစ်သည်။ မိမိတို့တာဝန်ထမ်းဆောင်ရာဌာနအလိုက် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဖြင့် လေ့လာကြိုးပမ်းဆောင်ရွက်ပြီး ထမ်းဆောင်ရသည့်လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် မိမိတို့မြန်မာနိုင်ငံ၏ဖြစ်စဉ်ဖြစ်ရပ်မှန်နှင့်သမိုင်းမှန်များကို သိရှိအောင်ဆောင်ရွက်ကြပြီး မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများနှင့် အခြေအနေမှန်များကိုမသိရှိသည့် နိုင်ငံတကာမှကျောင်းသားများအား သိရှိအောင်ဆောင်ရွက်ကြရန်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများကလိုလားသည့် ပါတီစုံဒီမိုရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေရာ နိုင်ငံသားများ၏ အရည်အသွေးမြင့်မားစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပြီး နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်အမွေများပေးအပ်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ကောင်းမွန်သည့် နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်အတွက် ခိုင်ခိုင်မာမာဖြင့် တာဝန်ထမ်းဆောင်လိုသည့်စိတ်၊ မိမိတို့နိုင်ငံကို ထိလျှင် မြန်မာဆိုသည့်စိတ်ဖြင့် ကာကွယ်လိုစိတ်၊ နိုင်ငံအတွက်ကောင်းမွန်စေလိုသည့်စေတနာစိတ်များဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာဖြင့်ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လူငယ်များဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကျင်းပ

သာယာဝတီ ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေဝတီကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ဗလငါးတန်ပြည့်စုံသည့်လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အဆိုပါအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရွှေဝတီကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းကြည်က အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါလူငယ်စကားဝိုင်းဆွေးနွေးပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ရွှေဝတီကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်သျှင်းသန့်ကျော်က လူငယ်နှင့်အားကစား၊ မမေဖြူစင်မင်းက လူငယ်နှင့်စာပေ၊ မောင်ဟန်လင်းဇော်က လူငယ်နှင့်မူးယစ်ဆေး၊ မဆုနေခြည်ဝင့်ဇော်က လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။**သန့်ဇော်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၆:၀၅ တရားတော်
၂။ ၀၆:၅၀ ဓမ္မပူဇာတေး
၃။ ၀၇:၀၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၇:၁၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၆။ ၀၈:၅၀ ၁၂ လရာသီမှတ်တမ်း
၇။ ၀၉:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ၀၉:၂၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၉။ ၀၉:၅၀ တွေးမယ်ဖြေမယ်
၁၀။ ၁၀:၃၀ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
၁၁။ ၁၀:၄၅ စိုက်ပျိုးသုတ
၁၂။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၁၃။ ၁၂:၃၀ မျှဝေဆွေးနွေးအနာဂတ်အရေး
၁၄။ ၁၄:၃၀ အဟောင်းထဲမှ အကောင်းဆုံးတေးသီချင်းကဏ္ဍ
၁၅။ ၁၅:၄၀ ဇာတ်လမ်းတို
၁၆။ ၁၆:၄၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
၁၇။ ၁၆:၅၀ Sport Review
၁၈။ ၁၇:၂၅ မှတ်သားလိုက်နာပုံပမာ
၁၉။ ၁၈:၅၀ ယဉ်ကျေးမှုအမွေ မြန်မာစာပေ
၂၀။ ၁၉:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ် အပိုင်း(၂၃)**
၂၁။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးရဲစိုးအောင်

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၁၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၁၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသောပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ

၁။ **ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်**

(က) ဝါသနာရှင်(ပထမတန်း)အဆင့်
(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(ဂ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်
(င) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့်

၂။ **ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ**

(က) အဆိုပြိုင်ပွဲ
(၁) မဟာဂီတ (အဆင့်အားလုံး)
(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ {ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာ အဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ် အတွင်း)အဆင့်}(အမျိုးသား၊ အမျိုးသမီး)

(ခ) **အကပြိုင်ပွဲ**
(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)
(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး ယိမ်းအကပြိုင်ပွဲ (အခြေခံပညာ အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)
(၃) တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)
(၄) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ {ဝါသနာရှင်(ဒုတိယတန်း) အဆင့်}(မင်းသား၊ မင်းသမီး)
(၅) ကချင်ပြည်နယ်ရှိ တိုင်းရင်းသားတို့၏ ရိုးရာအကပြိုင်ပွဲ၊ ၁၆ – ဦး
(၆) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့် ဝိဓူရဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ဝိုင်းနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦးယှဉ်ပြိုင်ရန်)
(၇) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း) အဆင့် သုဝဏ္ဏသာမဇာတ်တော်ကြီး ( ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင် အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့်ဆိုင်ဝိုင်းပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦးယှဉ်ပြိုင်ရန်)
(၈) ကွက်စိပ်ပြိုင်ပွဲ
– ဝါသနာရှင်(ပထမတန်း)အဆင့်(ရုက္ခဓမ္မဇာတ်)
– ဝါသနာရှင်(ဒုတိယတန်း)အဆင့်(သမ္ဘောဒမာနဇာတ်)

(ဂ) **အရေးပြိုင်ပွဲ**
(၁) ဝါသနာရှင်(ပထမတန်း)အဆင့်
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(၃) အဆင့်မြင့်ပညာအဆင့်
(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်

(ဃ) **အတီးပြိုင်ပွဲ**
(၁) စောင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၂) စန္ဒရား – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၃) ပတ္တလား – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၄) တယော – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၅) မယ်ဒလင် – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၆) ဂီတာ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၇) ဒုံမင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၈) ဆိုင်း တစ်ဦးချင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၉) ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် – အဖွဲ့လိုက် (အမျိုးသား – ၈ ဦး၊ အမျိုးသမီး – ၈ ဦး)
(၁၀) နှဲ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၁၁) ပလွေ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၁၂) အိုးစည် – အဖွဲ့လိုက်(အမျိုးသား – ၅ ဦး)
(၁၃) ဒိုးပတ် – အဖွဲ့လိုက်(အမျိုးသား – ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင် (ပထမ တန်း)၊ ဝါသနာရှင်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာ အဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီး ပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့်တေးသီချင်းများ

**"မဟာဂီတ"**

၁။ **ဝါသနာရှင် (ပထမတန်း) အမျိုးသား၊ အမျိုးသမီး**
(က) စုံသာမြိုင်လယ် (သီချင်းခံ)
(ခ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
(ဂ) မြိုင်ဟေဝန် (ပတ်ပျိုး)
(ဃ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနံ့လေးထွေ သံကပ် (မြင်းခင်း)မြန်ခန်းကျွန်းတွင်း (ကြိုး)
(င) ကြို့ညိုစုံရာ (ယိုးဒယား)
(စ) ခြည်ပန်းထောင်ကွန့် စက်နေရုံ (ဘွဲ့)
(ဆ) အာကာယံထဲ (ပတ်ပျိုး)
(ဇ) သောင်းကျေးဒီပါဖွေ (မွန်)

၂။ **ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး**
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) မဏိကဥ္စနာ (ပတ်ပျိုး)
(ဂ) ဖြူပြာမူရာ (ပတ်ပျိုး)
(ဃ) မြန်သပြေညာ (ယိုးဒယား)
(င) ကောင်းချီးသင်္ခါ (မွန်)

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) လွမ်းခြင်းအစချီ ဟေမာန်ပွေဟန် (ပတ်ပျိုး)
(ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဂ) ရွှေပင်ရွှေဘုန်း (ကြိုး)
(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

၄။ **အခြေခံပညာအဆင့် (၁၅–၂၀) (အမျိုးသား၊ အမျိုးသမီး)**
(က) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
(ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ဂ) မာရဝိဇယ (ဘွဲ့)
(ဃ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)

၅။ **အခြေခံပညာအဆင့် (၁၀–၁၅) (အမျိုးသား၊ အမျိုးသမီး)**
(က) သည်ဆောင်းဟေမာန် (ဘွဲ့)
(ခ) မြိုင်ခြေတစ်ခွင် (ပတ်ပျိုး)
(ဂ) တောဟေဝန်လယ် (ယိုးဒယား)
(ဃ) ပြောင်ပြောင်နာဂိန် (ကြိုး)

**"ခေတ်ဟောင်းတေး / ကာလပေါ်တေး"**

၁။ **ဝါသနာရှင် (ပထမတန်း) အမျိုးသား**
(က) မြဘယက် (ဥသြဘသောင်)
(ခ) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)
(ဂ) စွဲမက်ပါတဲ့အာရုံ (ဥသြဘသောင်)
(ဃ) ညီတော်မင်းနန် (ဝင်းဦး)
(င) ရုပ်ကြီးသူ (ဦးသိန်းကြွယ်)
(စ) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
(ဆ) ဘုံဓမ္မတာ (ဥသြဘသောင်)
(ဇ) မင်္ဂလာတော် (ဥသြဘသောင်)
(ဈ) ကျောင်းတော်ရာ (ပြည်ဘရှင်)
(ည) သရက်ပင်အို၏သံဝေဂ (ကိုမင်းနောင်)

၂။ **ဝါသနာရှင် (ပထမတန်း) အမျိုးသမီး**
(က) တောင်သူပျို (ဒေါ်ကြည်အောင်)
(ခ) မဟာတြိရတန (ရီရီသန့်)
(ဂ) စာဆိုခံ "လ"လုံး (မာမာအေး)
(ဃ) အလှူ့အစ်မ (မာမာအေး)
(င) မေတ္တာဝေသံဆန်း (ဝင်းဦး)
(စ) စည်တော်ကြီး (မာမာအေး)
(ဆ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
(ဇ) ပြိုင်ပွဲကြီး (ထား)
(ဈ) ဂီတအခြေခံ (အဖွဲ့)
(ည) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)

၃။ **ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**
(က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
(ခ) မာန် (ဂီတလုလင်မောင်ကိုကို)
(ဂ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)
(ဃ) စွယ်တော်ခိုးခန်း (ဒေါ်ကြည်အောင်)
(င) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်မောင်ကိုကို)
(စ) မဟာဇနက္က (ခင်မောင်ရင်)

၄။ **ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**
(က) အာရောဂျံ (ဒေါ်ကြည်အောင်)
(ခ) နားလည်ပေးပါ (ထား)
(ဂ) ဝနိမိတ် (စိန်ပါတီ)
(ဃ) ဂီတဥလီ (သင်းသင်းမြတ်)
(င) ဓမ္မစကြာ (ဒေါ်ကြည်အောင်)
(စ) ကထိန်သင်္ကန်း (စိန်ပါတီ)

၅။ **အဆင့်မြင့် (အမျိုးသား)**
(က) ဖြောသံ (ဥက္ကလာမောင်)
(ခ) စိမ်းလဲ့ညို (မောင်မောင်ကြီး)
(ဂ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)
(ဃ) အလွမ်းပြေအမေ့စာ (မောင်မောင်လတ်)

၆။ **အဆင့်မြင့် (အမျိုးသမီး)**
(က) မြညွှင်းလေပြေ (မအေးမိ)
(ခ) ပန်းခင်းသောလမ်း (မြသက်မူ)
(ဂ) မြသဝန်ကြောင် (ထား)
(ဃ) အစိန္တေယျ (ဌေးဌေးမြင့်)

၇။ **အခြေခံ (၁၅–၂၀) အမျိုးသား**
(က) ဖူးစာ (ကိုအံ့ကြီး)
(ခ) မြတ်ဒေသနာ (သထုံဘသိန်း)

စာမျက်နှာ ၄ သို့ ➤

➤ စာမျက်နှာ ၃ မှ

(ဂ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
(ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်၊ ရွှေတိုင်ညွန့်)

**၈။ အခြေခံ (၁၅-၂၀) အမျိုးသမီး**
(က) ရွှေဖိုးခေါင် (ဒေစီကျော်ဝင်း)
(ခ) ဟေမန္တရဲ့သဘာဝ (သင်းသင်းမြတ်)
(ဂ) ပါရမီတော် (တင်တင်မြ)
(ဃ) မေတ္တာသံဝေ (လှလှရီ)

**၉။ အခြေခံ (၁၀-၁၅) အမျိုးသား**
(က) ဖုံကြီးသံ (သန်းထွန်းလေး)
(ခ) ရှင်သီဝလိ (ပြည်လှဖေ)
(ဂ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)
(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

**၁၀။ အခြေခံ (၁၀-၁၅) အမျိုးသမီး**
(က) သီရိရတနာ (ဒေါ်ကြည်အောင်)
(ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
(ဂ) ဓမ္မစကော်တော် (မြင့်မြင့်ရှိန်)
(ဃ) ဆံရစ်ဝိုင်း (ကြည်ကြည်ဝင်း)

**"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း"**

**၁။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**
(က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
(ခ) လူချွန်လူကောင်း (ကိုအံ့ကြီး)
(ဂ) ကမ္ဘာတည်သရွေ့ (အောင်ထက်)
(ဃ) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)
(င) စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် (ဇော်ဝင်းထွဋ်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**
(က) ပြည်ထောင်စုစိတ်ဓာတ် (ရန်အောင်၊ ကျော်စိုးဦး၊ ရတနာဦး၊ စိုးစန္ဒာထွန်း)
(ခ) တပင်ရွှေထီး (မကြည်အောင်)
(ဂ) မြန်မာ့မူမှန် (မြန်မာ့အသံအဖွဲ့)
(ဃ) ပြည်ထောင်စုရဲ့ထာဝရအလှများ (ဆုန်သင်းပါရ်)
(င) ပင်ချင်းယှက်၍နွယ်ချင်းခက်သော်(မာမာအေး)

**၃။ အဆင့်မြင့် (အမျိုးသား)**
(က) အဖိုးတို့ အဖေတို့ ကျွန်တော်တို့ တေးများ (မောင်မြတ်သူ)
(ခ) မဟာ (ဇော်ဝင်းထွဋ်)
(ဂ) ဇာတိမာန် (ဥသြဘသောင်)
(ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)

**၄။ အဆင့်မြင့် (အမျိုးသမီး)**
(က) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
(ခ) ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ (ဟေမာနေဝင်း)
(ဂ) တစ်ဘာသာအလှ (ငြိမ်းငြိမ်းအိ)
(ဃ) နွယ်သာကီ (ခင်ညွန့်ရီ)

**၅။ အခြေခံ (၁၅-၂၀) အမျိုးသား**
(က) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
(ခ) အနာဂတ်ပန်း (ညွန့်ဝင်း+အေဝမ်း တင်တင်လှ)
(ဂ) ရောင်နီသစ်ပြီ (ရဲထိုက်+ရွှေနန်းထက်)
(ဃ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)

**၆။ အခြေခံ (၁၅-၂၀) အမျိုးသမီး**
(က) ပန်းတိုင်းပွင့်၍မွှေးသောမြေ (ရတနာဦး)
(ခ) မြန်မာပြည်ကိုလာပါ (နွဲ့ယဉ်ဝင်း)
(ဂ) မင်္ဂလာပါရှင် (ကြည်ကြည်ဝင်း)
(ဃ) လှပတဲ့အနာဂတ်ဆီသို့ (မေဆွိ)

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## "စောင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ဖြူပြာမူရာ (ပတ်ပျိုး)
(ခ) တောတောင်စွယ် (ယိုးဒယား)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) စိန်မြရံခြယ် (မွန်)
(င) သပြေပင်ဝန်း (ကြိုး)
(စ) အောင်မြေသာစံ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် ( ယိုးဒယား)
(ဇ) ဘုန်းများ့များ့မင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) ရစ်စုံရွက်ကြာ (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ညဉ့်သုံးယံခါ (ပတ်ပျိုး)
(င) ခိုင်ပန်းစုံ (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) မာရဝိဇယ (ဘွဲ့)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ကန္တာတောခြေ (ယိုးဒယား)
(ခ) နှုန်းနှန်းထောက်စား (ကြိုး)
(ဂ) မင်္ဂလာသီရိ (ဘွဲ့)

## "စန္ဒရား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ဇာတိအာဏာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) ကောင်းချီးသင်္ဂါ (မွန်)
(င) မိုဃ်းဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)
(စ) ယသော်ရော (ယိုးဒယား)
(ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
(ဇ) အောင်မြေသာစံ (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)**
(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) ဆောင်းနှင်းဖြူနှင့်ကိုယ့်ချစ်သူ (ကာလပေါ်၊ တွံတေးသိန်းတန်(key-G)
(ဂ) ချစ်သမျှကို (ပတ်ပျိုး)
(ဃ) တောဟေဝန်လယ် (ယိုးဒယား)
(င) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) မေ့ဘဝခဏ ဘယ်သူယူပါ့မယ် (ကာလပေါ်၊ (မာမာအေး key C#)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ဖြေလျော့ခွေ (ပတ်ပျိုး)
(ခ) အင်ကြင်းသရဖီ (ယိုးဒယား)
(ဂ) ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ် (ကာလပေါ်၊ (စန္ဒရားချစ်ဆွေ keyD)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) မြသို့ငယ်စိမ်းနု (ဘွဲ့)
(ဂ) ညအတွေး (ကာလပေါ်) မာမာအေးKey -G

## "ပတ္တလား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
(ခ) ညာသပြေဘောင် (ကြိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) အောင်မင်္ဂလာ ( ယိုးဒယား)
(င) စိန်မြရံခြယ် (မွန်)
(စ) ဟေမဝန်ချာ (ဘွဲ့)
(ဆ) မြန်သပြေညာ ( ယိုးဒယား)
(ဇ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနဲ့ (လေးထွေသံကပ်) (လေးပေါက်အောက်ပြန် ဖြင့်တီးရပါမည်)

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)**
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) အမင်းမင်းခယ (သီချင်းခံ)
(ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဃ) သြဘာမင်္ဂလာ (ဘွဲ့)
(င) ကိုးပါးပေါင်းစု (ကြိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) လူမနော (ပတ်ပျိုး)
(ခ) နန်းဘုံသီဟာဗွေ (ယိုးဒယား)
(ဂ) ဝေဇယန်နှင့်နှန်းငြား (ကြိုး) (၈)ဝါးဖြင့်တီးရန်

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ညဉ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ကုဏ္ဍလာ (ယိုးဒယား)
(ဂ) ထိပ်တင်ဇကော် (ဝတ်တော်သိမ်း)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ဟေမာန်ဗွေဟန် (ပတ်ပျိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

## "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)**
(က) တောင်ယံတောလေး (မွန်)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) ဇမ္ဗူကျွန်းလုံး ( သီချင်းခံ)
(င) မဲဇာတောင်ခြေ (ပတ်ပျိုး)
(စ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(ဆ) ညင်းညင်း (မွန်)
(ဇ) အောင်မင်္ဂလာ (ယိုးဒယား)

စာမျက်နှာ ၇ သို့ ➤

# ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)



## တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

ထားဝယ် ဩဂုတ် ၂၄

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့်လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးရှိသည့်အနက် ၂၇ ဦး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကိုမေးမြန်းရာ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ တရားဝင်ခရီးစဉ်အား ဂုဏ်ယူဝမ်းမြောက်လှိုက်လှဲစွာကြိုဆိုပါကြောင်း အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး၍ အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်က ကြေညာသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သောမူဝါဒ၊ နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များကိုအရှိန်အဟုန်ဖြင့် ဦးစားပေးဆောင်ရွက်ပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးပြီး သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အဆိုကိုအတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြကာ တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရုပ်နားကြောင်းနှင့် ပဉ္စမနေ့ကို ဩဂုတ်လ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ၊ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၏ ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြား

ရန်ကုန် ဩဂုတ် ၂၄




တတိယအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၏ ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကဆွေးနွေးပြီး တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရုပ်နားလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက်ကျင်းပ




မုံရွာ ဩဂုတ် ၂၄

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့လွှတ်တော်အဆောက်အအုံရှိလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်မင်းကျော်သူက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားရေးရှုထောင့်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သမ္မတကြီး၏ ပြည်ပချစ်ကြည်ရေးခရီးစဉ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအား အပြည့်အဝထောက်ခံကြောင်း" အဆိုတင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက ထောက်ခံဆွေးနွေးခဲ့သည်။

ယင်းနောက် ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်မင်းကျော်သူက တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦးက ကြယ်ပွင့်ပြထားသည့် မေးခွန်းငါးခုကိုမေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြေကြားကြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ်လ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

⇨ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သား၊ သမီး၊ မြေးတစ်စုတို့က လှူဒါန်းသော ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး၊ ဗုဒ္ဓဝါဒဆိုင်ရာ စာအုပ်အလင်္ကာများစာအုပ်နှင့် သာသနာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိသော ကွန်ပျူတာစာစီမှုအဋ္ဌကထာကျမ်းစာအုပ်များကို ဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ပါမောက္ခချုပ်ဆရာတော်ကြီးက "အဋ္ဌကထာဋီကာကျမ်းစာအုပ်များကို ပြန်လည်ပုံနှိပ်နိုင်ခြင်းမရှိသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်ကြောင်း၊ ပါဠိတော်များကို အဋ္ဌကထာ ဋီကာအဖွင့်များနှင့်ကြည့်၍ အဓိပ္ပာယ်သိရှိရပါကြောင်း၊ အဋ္ဌကထာဋီကာအဖွင့်ကိုမကြည့်ဘဲ ပါဠိတော်သက်သက် ဘာသာပြန်လျှင် Interpretation Problem ဖြစ်နိုင်ကြောင်း၊ နောင်တွင် AI tool များဖြင့် ဘာသာပြန်ခြင်းလုပ်ငန်းဆောင်ရွက်လျှင် Leak Version (မူကွဲမူပျက်)များ ထွက်ပေါ်လာနိုင်ပြီးပျက်စီးနိုင်ပါကြောင်း။

ထို့ကြောင့် ပါဠိတော်၊ အဋ္ဌကထာ ဋီကာစာပေများမပျောက်ပျက်အောင်ထိန်းသိမ်းခြင်းလုပ်ငန်းသည် သာသနာရေးဝန်ကြီးဌာန၏အဓိကလုပ်ငန်းဖြစ်ပြီး အရေးအကြီးဆုံးဖြစ်သဖြင့် ယခုလို အဋ္ဌကထာ ဋီကာကျမ်းများကို ဆဋ္ဌမူအတိုင်း ပြင်ဆင်ဖြည့်စွက်နုတ်ပယ်ခြင်းမပြုဘဲ နောက်ဆက်တွဲ (Index)ပါ နာနာပထ (Different Version)များ၊ အောက်ခြေမှတ်စု(Foot note)များပါမကျန် ကွန်ပျူတာစာစီမှုပြန်လည်ပုံနှိပ်ဆောင်ရွက်ခြင်းသည် အလွန်ပြည့်စုံပြီး အင်မတန်ကောင်းမွန်သောအလုပ်ဖြစ်ပါကြောင်း၊ စာပေပျောက်လျှင် လူမျိုးပျောက်နိုင်သဖြင့် စာပေထိန်းသိမ်းရေးကို အဓိကထားကြိုးစားရန်တိုက်တွန်းလိုပါကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်လျှင် ပါဠိတော်၊ အဋ္ဌကထာ ဋီကာစာပေများကို ထေရဝါဒအတိုင်း ထိန်းသိမ်းထားနိုင်သည့် မြန်မာနိုင်ငံကိုသာ အားကိုးပြုရမည်ဖြစ်ပါကြောင်း" စသည်ဖြင့် ဩဝါဒကထာများမိန့်ကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။ မြဝတီ

# မန္တလေးမြို့ ရတနာပုံသင်္ဘောကျင်းဆိပ်ရှိ ရေပေါ်သင်္ဘော ဟိုတယ်များလုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး



မန္တလေး ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ကြသည့်ခရီးသွားဧည့်သည်များအဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေး၊ မြစ်တွင်းအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး "RV-Samatha"၊ "RV-Amarapura"၊ "RV-Princess"နှင့် "RV-PanHtwar" သင်္ဘောဟိုတယ်များသည် မန္တလေးမြို့ ရတနာပုံသင်္ဘောကျင်းဆိပ်၌ ရေပေါ်ဟိုတယ်များအဖြစ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သင်္ဘောဟိုတယ်များကို ဩဂုတ်လ ၂၂ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေးရာ သင်္ဘောဟိုတယ်များမှ တာဝန်ရှိသူများက သင်္ဘောဟိုတယ်အသီးသီး၏ ဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ တည်းခိုနေထိုင်နိုင်သည့်အိပ်ခန်းများ ထည့်သွင်းစီစဉ်ဆောင်ရွက်ထားရှိမှု၊ အပတ်စဉ်စနေနေ့တိုင်း ဧည့်သည်များကို ညအိပ်လက်ခံဝန်ဆောင်မှုပေး၍ နောက်တစ်ရက်နံနက်ပိုင်းတွင် စစ်ကိုင်း၊ တံတားဘက်သို့ ခုတ်မောင်းကာ ရှုခင်းကြည့်ခရီးစဉ်အဖြစ် ပို့ဆောင်ပေးနေမှုနှင့် သင်္ဘောပေါ်များတွင် ဧည့်သည်များ အပန်းဖြေတည်းခိုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လာရောက်လည်ပတ်တည်းခိုကြသည့် ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများ၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ မြစ်တွင်းအပျော်စီးခရီးသွားလုပ်ငန်းအား ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားစွာလာရောက်လည်ပတ်နိုင်ကြစေရေးအတွက် တီထွင်ဆန်းသစ်သော အစီအစဉ်များဖြင့် အဆင့်မြှင့်တင်ဖော်ထုတ်ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့ပြင် ဧည့်သည်များအား ဝန်ဆောင်မှုပေးလျက်ရှိသည့်အခန်းများ အတွင်း/အပြင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စားသောက်ခန်းများ၊ Ballroom များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် လဟာပြင်ကုန်းပတ်တွင် ဧည့်သည်များ ရှုခင်းကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ယာယီဌာနေကိုယ်စားလှယ်အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ယာယီဌာနေကိုယ်စားလှယ် Mr. Peter John Cross အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံးအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြဝတီ

# သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

သထုံ ဩဂုတ် ၂၄

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအစီအစဉ်ဖြင့် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ မွန်ပြည်နယ် သထုံမြို့နယ် ဒင်္ဂါးဆိပ်ခေတ်မီစံပြကျေးရွာ၌ ဖွင့်လှစ်ခဲ့သည့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒင်္ဂါးဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က သင်တန်းသူများထံ သင်တန်းသုံးပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတက်ရောက်ကြသူများအနက် အမှန်တကယ် လုပ်ငန်းထူထောင်မည့်သူငါးဦးအား တာဝန်ရှိသူများက စိစစ်ရွေးချယ်ကာ တစ်ဦးလျှင် ငွေကျပ် ၂၆ သိန်းနှင့်ညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းနှင့် ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ယာယီဌာနေကိုယ်စားလှယ်အား ဒုတိယဝန်ကြီး ဦးသန့်စင်လွင် လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services – UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးနှင့် ယာယီဌာနေကိုယ်စားလှယ် Mr. Peter John Cross အား ယနေ့နံနက်ပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) မှ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

➤ စာမျက်နှာ ၄ မှ

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) ရေယမုန် (ပတ်ပျိုး)
(ခ) လေပြေဆော်သွေးမြူး (ယိုးဒယား)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
(င) ပန်းဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) သီလာမြေယံ (ကြိုး)
(ခ) မှန်ရဝေ (ပတ်ပျိုး)
(ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာဩဘာသံ)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)စံရာတောင်ကျွန်း (ကြိုး)
(ခ) အတိုင်းမသိ (ဝတ်တော်ရုံ ဘုန်းတော်ဘွဲ့)
(ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ခ) ထွေတလာ (ကြိုး)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

## "ပလွေ"ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) ကောင်းချီးသခါ် (မွန်)
(ခ) ခိုင်ပန်းစုံ (ထပ်တွန့်ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) ထောင်ရောင်နေ (သီချင်းခံ)
(င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(စ) မန်းတောင်လက်ျာ (ယိုးဒယား)
(ဆ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ဇ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) မော်ရုံဟေဝန် (ယိုးဒယား)
(ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဃ) ဖြူပြာမှုရာ (ပတ်ပျိုး)
(င) သောင်းသောင်းညံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) လဲ့လဲ့စိမ်းရောင် (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ဇေယျာမြို့ (ကြိုး)
(ခ) မှန်ညောင်သဠာ (ဝတ်တော်ရုံဘွဲ့)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

## "တယော"ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ဒီပါအေးမြ (ပတ်ပျိုး)
(ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ျာ (ယိုးဒယား)
(စ) မန်ချာမြေကို (ပတ်ပျိုး)
(ဆ) ခိုင်ပန်းစုံမုံမာလာ (ယိုးဒယား)
(ဇ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) မြန်မာသီချင်းဆိုရအောင် (ကာလပေါ်) ၊ လှမြင့်ဝင်း
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(င) မော်ရုံဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) မေတ္တာဂုဏ် (ကာလပေါ်) ပြည်လှဖေ
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ပန္နသိခ် (ခင်ခင်ညွန့်)
(ခ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) အနန္တငါးဖြာ (ကာလပေါ်)
(ဂ) စိမ်းလဲ့လဲ့ (ကြိုး)

## "မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) ဖော်ကွာဝေး (ယိုးဒယား)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) မြရည်နန္ဒာ (ဘွဲ့)
(ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(င) အမင်းမင်းခရ (ပတ်ပျိုး)
(စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဆ) ဂန္ဓမာတောင် (ဘွဲ့)
(ဇ) တောမြိုင်စွန်းကလွန်းအောင်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) သူဌေးဝါဒ (ကာလပေါ်)
(ဂ) ဟေမဝန်ချာ (ဘွဲ့)
(ဃ) လှမနော (ပတ်ပျိုး)
(င) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) သီလာမြေယံ (ကာလပေါ်)ပြည်လှဖေ
(ခ) အန္တရာယ်ကင်း (ဂီတာဦးစိမ်းမောင်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) မှန်ညောင်သဠာ (ခင်ခင်ညွန့်)
(ခ) စံပယ် (ကာလပေါ်)
(ဂ) နန်းဘုံသီဟာဗွေ (ယိုးဒယား)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) သာယာ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) မေတ္တာဖြန့်မှလန်းဆန်းမယ် (ကာလပေါ်)

## "ဂီတာ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) ပုံပမာ (ကြိုး)
(ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
(င) ဂန္ဓမာတောင် (ဘွဲ့)
(စ) ပပဝယ်ဝင်းဝင်း (ပတ်ပျိုး)
(ဆ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဇ) ကြုံကြုံဖန်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) နွေဦးတေးသံ (ကာလပေါ်)
(ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ဃ) သည်ဆောင်းဟေမာန် (ဘွဲ့)
(င) ကျွန်းကျွန်းပိုင်သ (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) ချစ်မိုးဆွေ (ကာလပေါ်)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) သပြေရွက်ရည် (ကာလပေါ်)၊ မောင်မောင်ညွန့်
(ဂ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က) သာယာ (ကြိုး)
(ခ) နန်းဘုံသီဟာဗွေ (ယိုးဒယား)
(ဂ) ချစ်နှင်းမှုန်မှုန် (ကာလပေါ်)

## "ဒုံမင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) မြန်ချာမြေကို (ပတ်ပျိုး)
(ခ) မာရဝိဇယ (ဘွဲ့)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
(င) သောင်းသောင်းညံ (ယိုးဒယား)
(စ) ဖြေလျှော့ခွေ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) မြူဝန်းလို့ခို (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)

(က) လေပြေဆော်သွေးမြူး (ယိုးဒယား)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) ကောင်းခြင်းမင်္ဂလာ (ကာလပေါ်)
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

စာမျက်နှာ ၈ သို့ ➤

# အူလမ်းကြောင်းနှင့် ဒုတိယဦးနှောက်

*ဒေါက်တာသိဂီကျော်*

အူလမ်းကြောင်းကို ဒုတိယဦးနှောက်ဟုခေါ်ဆိုရခြင်းမှာ အစာခြေလမ်းကြောင်းရှိ အူနံရံတစ်လျှောက်တွင်ရှိသော အာရုံကြောကွန်ရက် (Enteric Nervous System) သည် ဦးနှောက်နှင့်အဆက်မပြတ်ဆက်သွယ်နေပြီး စိတ်ခံစားမှု၊ ဖိစီးမှု၊ တုံ့ပြန်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့ကိုပါ ထိန်းညှိပေးနိုင်သောကြောင့်ဖြစ်သည်။

အူလမ်းကြောင်းအာရုံကြောကွန်ရက်တွင် အာရုံကြောဆဲလ်ပေါင်း သန်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး ဦးနှောက်နှင့်အဆက်မပြတ်ဆက်သွယ်နေသည်။ အာရုံကြောကွန်ရက်သည် အစာခြေခြင်း၊ အူလှုပ်ရှားမှု၊ အူနံရံအရည်ထုတ်လုပ်မှုနှင့် သွေးစီးဆင်းမှုတို့ကို ထိန်းချုပ်ပေးသကဲ့သို့ ဦးနှောက်သို့ အချက်အလက်များပို့ဆောင်ပေးပြီး စိတ်ခံစားမှုနှင့် ဖိစီးမှု၊ တုံ့ပြန်မှုကိုပါ သက်ရောက်စေသည်။

**အူ-ဦးနှောက်အချင်းချင်း ဆက်သွယ်မှုလမ်းကြောင်းများ**

အူနှင့်ဦးနှောက်တို့သည် အူ-ဦးနှောက်အချင်းချင်းဆက်သွယ်မှုလမ်းကြောင်း (Gut-Brain Axis) ဖြင့် အဆက်မပြတ်ဆက်သွယ်နေကြပြီး အဓိကလမ်းကြောင်းလေးခုရှိသည်။

**အာရုံကြောလမ်းကြောင်း**

အူမှအချက်အလက်များကို ဦးနှောက်သို့ Vagus nerve ဖြင့် တိုက်ရိုက်ပို့ဆောင်သည်။ အာရုံကြောအချက်ပြမှုများသည် အစာအိမ်နှင့်ဦးနှောက်ကြားရှေ့တိုးနောက်ငင်သွားလာနေသောကြောင့် စိတ်ဖိစီးမှုသည် အစာအိမ်နာကျင်ခြင်းကိုဖြစ်စေပြီး အူလမ်းကြောင်းမကောင်းခြင်းသည်လည်း စိတ်ခံစားချက်ကို ထိခိုက်စေသည်။ အူလမ်းကြောင်းသည် ခန္ဓာကိုယ်တွင် ကောင်းမွန်သောခံစားချက်ကိုဖြစ်စေသော Serotonin ၏ ၉၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပေးပြီး ပျော်ရွှင်မှုနှင့် စိတ်ခံစားချက်ကို ထိန်းချုပ်ရန်ကူညီပေးသည်။

**ကိုယ်ခံအားလမ်းကြောင်း**

အူလမ်းကြောင်းရှိ ဗက်တီးရီးယားများက ရောင်ရမ်းမှုဆိုင်ရာမော်လီကျူးများကို ထုတ်လုပ်ပြီး ဦးနှောက်သို့ သက်ရောက်စေသည်။

**ဟော်မုန်းလမ်းကြောင်း**

အူလမ်းကြောင်းမှထုတ်လုပ်သော Cortisol၊ GLP-1 ကဲ့သို့ဟော်မုန်းများက ဦးနှောက်၏စိတ်ခံစားမှုနှင့် စွမ်းအင်ပမာဏကို ထိန်းညှိပေးသည်။

**ဇီဝကမ္မဖြစ်စဉ်လမ်းကြောင်း**

အူလမ်းကြောင်းအကျိုးပြု ဗက်တီးရီးယားများသည် ကာဗိုဟိုက်ဒရိတ်နှင့် အမျှင်ဓာတ်များကို ဖြိုခွဲပေးပြီး အူလမ်းကြောင်းနံရံနှင့်အူလမ်းကြောင်းကျန်းမာရေးကို ထောက်ပံ့ပေးသော short-chain fatty acids၊ ဗီတာမင်-B နှင့်ဗီတာမင်-K အပါအဝင် တခြားအသုံးဝင်သည့် ဇီဝကမ္မဖြစ်စဉ်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြင့် သွေးကြောမှတစ်ဆင့် ဦးနှောက်သို့ရောက်ရှိပြီး အာရုံကြောပစ္စည်းများထုတ်လုပ်မှုနှင့် စိတ်ခံစားမှုကိုသက်ရောက်စေသည်။ ကိုယ်ခံအားထိန်းညှိခြင်းနှင့်ရောင်ရမ်းမှုကို လျော့ကျစေပြီး ရောဂါပိုးမွှားများကို တားဆီးကာကွယ်ရာတွင်လည်း အထောက်အကူပြုသည်။

**အူလမ်းကြောင်းဗက်တီးရီးယားများ၏ စိတ်ကျန်းမာရေးအပေါ်သက်ရောက်မှု**

လေ့လာမှုများအရ အူလမ်းကြောင်းဗက်တီးရီးယားမမျှတမှု (Dysbiosis) သည် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်မှု၊ အော်တစ်ဇင်၊ စိတ်ရောဂါတချို့နှင့် ဆက်စပ်နေကြောင်းတွေ့ရှိရသည်။ အူလမ်းကြောင်းဗက်တီးရီးယားများက Serotonin၊ Dopamine၊ GABA ကဲ့သို့ ဓာတုပစ္စည်းများထုတ်လုပ်မှုကို ထိန်းညှိပေးပြီး စိတ်ခံစားမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုကို သက်ရောက်စေသည်။

မကြာသေးမီက လေ့လာမှုတစ်ခုအရ အူလမ်းကြောင်းရောင်ရမ်းရောဂါရှိသော လူနာများသည် စိတ်ကျရောဂါနှင့် စိုးရိမ်ပူပန်မှုများကိုလည်း ခံစားရစေကြောင်း ဖော်ပြခဲ့သည်။ Vagus အာရုံကြောနှင့် အူလမ်းကြောင်းအဏုဇီဝပိုးနှစ်မျိုးစလုံးသည် စိတ်ခံစားချက်ဆိုင်ရာရောဂါများတွင် ပါဝင်ပတ်သက်သည်။ သုတေသီတချို့က Vagus အာရုံကြောကို လှုံ့ဆော်ခြင်းသည် ရောင်ရမ်းမှုနှင့်စိတ်ဖိစီးမှုကို လျှော့ချပေးသည်ဟု အကြံပြုထားသည်။ Probiotic Lactobacillus Rhamnosus ကဲ့သို့ ကျန်းမာသော အူလမ်းကြောင်းပိုးမွှားတချို့သည် စိတ်ငြိမ်သက်မှုကို မြှင့်တင်ပေးသည့် GABA အာရုံကြောဓာတုပစ္စည်းများထုတ်လွှတ်ရန် အာရုံကြောများသို့ အချက်ပြမှုများ ပေးပို့နိုင်သည်။ အူလမ်းကြောင်းအကျိုးပြုအဏုဇီဝပိုးများသည် စိတ်ခံစားချက်တွင်ပါဝင်သော အာရုံကြောများ၏ဆက်သွယ်မှုများကိုလည်း တိုးတက်ကောင်းမွန်စေရန် ကူညီပေးနိုင်သည်။

**ဦးနှောက်ကျန်းမာရေးအပေါ် အူလမ်းကြောင်းကျန်းမာရေး၏လွှမ်းမိုးမှု**

အူလမ်းကြောင်းသည် ဦးနှောက်ကျန်းမာရေးနှင့် ရောဂါများဖြစ်ပွားမှုတွင် ပါဝင်ပတ်သက်နေကြောင်း အထောက်အထားများကို တွေ့ရသည်။ Parkinson's ရောဂါ၊ Alzheimer's ရောဂါ၊ Schizophrenia နှင့် Autism spectrum disorder ကဲ့သို့သော အာရုံကြောဆိုင်ရာအခြေအနေများသည် အစာအိမ်နှင့် အူလမ်းကြောင်းပြဿနာများအပြင် အူလမ်းကြောင်းအဏုဇီဝပိုးများပြောင်းလဲခြင်းနှင့် ဆက်စပ်နေသည်။ မကြာသေးမီက သုတေသနပြုချက်များအရ Parkinson's ရောဂါ၏ အဓိကလက္ခဏာများမပေါ်လာမီ အူလမ်းကြောင်းအာရုံကြောစနစ်သည် ယိုယွင်းပျက်စီးလာကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် Alzheimer's ရောဂါရှိသူများ၏ အူလမ်းကြောင်းတွင် အဏုဇီဝပိုးမွှားအရေအတွက် သိသိသာသာကျဆင်းသွားပြီး ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများသည် Alzheimer's ရောဂါအတွက် အဖြစ်များသောအန္တရာယ်အချက်တစ်ခုဖြစ်သည်။

အူလမ်းကြောင်းအကျိုးပြုအဏုဇီဝပိုးမွှားများ၏ ကျန်းမာရေးကိုနှောင့်ယှက်ခြင်းသည် ကိုယ်ခံအားတုံ့ပြန်မှုကိုဖြစ်ပေါ်စေပြီး နာတာရှည်ရောင်ရမ်းမှုကို ဖြစ်စေနိုင်သည်။ ခန္ဓာကိုယ်၏ကိုယ်ခံအားဆဲလ် ၇၀ ရာခိုင်နှုန်းကျော်သည် အစာခြေလမ်းကြောင်းကို ပစ်မှတ်ထားကာ အဆိပ်အတောက်ဖြစ်စေသော ဗက်တီးရီးယားများကို ဖယ်ရှားရာတွင် အထောက်အကူဖြစ်စေသော်လည်း အူလမ်းကြောင်းကိုယ်ခံအားတုံ့ပြန်မှုသည် ခန္ဓာကိုယ်တွင် ပြင်းထန်သောရောင်ရမ်းမှုတုံ့ပြန်မှုကို စတင်စေနိုင်သည်။

**အဏုဇီဝပိုးမွှားများဟန်ချက်ညီမှု**

အူလမ်းကြောင်းတွင် သေးငယ်သောဗက်တီးရီးယားနှင့် အဏုဇီဝပိုးမွှားများ ထရီလီယံနှင့်ချီပြီး နေထိုင်ကြသည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများက အူလမ်းကြောင်းရောင်ရမ်းမှုကို နည်းပါးစေပြီး စိတ်ကိုလည်း တည်ငြိမ်စေသည်။ ခေတ်သစ်လူနေမှုပုံစံများသည် အူလမ်းကြောင်းအကျိုးပြုအဏုဇီဝပိုးမွှားများကို အနှောင့်အယှက်ဖြစ်စေပြီး ရောင်ရမ်းမှုများကိုဖြစ်ပေါ်စေသည်။ အူလမ်းကြောင်းကျန်းမာရေးကို တိုးတက်ကောင်းမွန်စေရန်နှင့် အလုံးစုံကျန်းမာရေးအတွက် မျှတသောအစားအစာများနှင့် ကျန်းမာသောလူနေမှုပုံစံအလေ့အထများကို လိုက်နာရန်လိုအပ်သည်။ အူလမ်းကြောင်းကျန်းမာရေးကိုပံ့ပိုးပေးရန် အကောင်းဆုံးနည်းလမ်းမှာ ပရိုဘိုင်အိုတစ်မဟုတ်ဘဲ ကျန်းမာရေးနှင့်ညီညွတ်သော ရေရှည်လူနေမှုပုံစံအလေ့အထများဖြစ်သည်။

**ခေတ်သစ်ဘဝနေထိုင်မှုပုံစံနှင့် အူလမ်းကြောင်းကျန်းမာရေး**

ယနေ့ခေတ် လူအများစု၏နေထိုင်မှုပုံစံက အူလမ်းကြောင်းကျန်းမာရေးကို တိတ်တဆိတ်ထိခိုက်စေနိုင်သည်။ ပြုပြင်ထားသောအစားအစာများ၊ အစားအစာအမြန်စားခြင်း၊ ပဋိဇီဝဆေးများ မကြာခဏအလွန်အကျွံသုံးစွဲခြင်း၊ နာတာရှည်စိတ်ဖိစီးမှု၊ အိပ်ရေးပျက်ခြင်းနှင့် အထိုင်များသောအလုပ်ခွင်နှင့် လှုပ်ရှားမှုနည်းလွန်းခြင်းများကြောင့် အူလမ်းကြောင်းအကျိုးပြုဗက်တီးရီးယားများကို လျော့ကျစေပြီး အူလမ်းကြောင်းအတွင်း အန္တရာယ်ရှိသော ဗက်တီးရီးယားပိုးမွှားများပျံ့နှံ့မှုကို ဖြစ်စေနိုင်သည်။ ခေတ်သစ်ဘဝနေထိုင်မှုပုံစံသည် အူလမ်းကြောင်းအကျိုးပြုဗက်တီးရီးယားများကို ဖျက်ဆီးပစ်နိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ အူလမ်းကြောင်းဗက်တီးရီးယားမညီမျှမှုက Dysbiosis ဟုခေါ်သော အခြေအနေတစ်ခုကိုဖြစ်ပေါ်စေကြောင်း သုတေသီများက ထောက်ပြထားကြသည်။

**အမျှင်ဓာတ်နှင့်အချဉ်ဖောက်ထားသော အစားအစာများကိုစားသုံးခြင်း**

အူလမ်းကြောင်းအကျိုးပြုဗက်တီးရီးယားများကို အကျိုးပြုစေရန် အစာချေဖျက်နိုင်သောအမျှင်ဓာတ်၊ ကောက်နှံစေ့များ၊ ပဲအမျိုးမျိုး၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ ကြွယ်ဝမျှတသောအစားအစာများကို နေ့စဉ်ပိုမိုစားသုံးရန်လိုအပ်သည်။ သကြားများသောအစာအာဟာရများကို လျှော့ချစားသုံးပြီး သဘာဝအတိုင်း အချဉ်ဖောက်ထားသော ဒိန်ချဉ်နှင့် ကင်ချီကဲ့သို့သောအစားအစာများကို စားသုံးခြင်းသည် ခန္ဓာကိုယ်ထဲရှိ အကျိုးပြုဗက်တီးရီးယားများ ကြီးထွားမှုကို အမှန်တကယ်ပံ့ပိုးပေးနိုင်ကြောင်း ပြသထားသည်။

**နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း**

အစာချေဖျက်မှုကိုအထောက်အကူပြုပြီး အူလမ်းကြောင်းကျန်းမာရေးကိုမြှင့်တင်ရန် အစာစားပြီးနောက် မိနစ်အနည်းငယ်လမ်းလျှောက်ပေးပါ။ နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းသည် အူလမ်းကြောင်းအကျိုးပြုဗက်တီးရီးယားကိုကျန်းမာစေပြီး စိတ်ဖိစီးမှုကို လျော့ကျစေသည်။

**စိတ်ဖိစီးမှုကိုစီမံခန့်ခွဲခြင်း**

အူလမ်းကြောင်းနှင့်ဦးနှောက်ကို ဆက်သွယ်ထားသော အာရုံကြောစနစ်ကို တည်ငြိမ်စေရန် အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ သို့မဟုတ် ပုံမှန်အနားယူပါ။ အိပ်ချိန်မှန်ကန်စွာအိပ်စက်ခြင်းသည် အူ-ဦးနှောက်ဆက်သွယ်မှုကို ကောင်းမွန်စေသည်။

အချုပ်အားဖြင့်ဆိုရသော် အူလမ်းကြောင်းသည် ဒုတိယဦးနှောက်ဟုခေါ်ဆိုရလောက်အောင် ဦးနှောက်နှင့်အဆက်မပြတ်ဆက်သွယ်နေပြီး စိတ်ကျန်းမာရေးနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကိုပါ သက်ရောက်စေသည်။ အူလမ်းကြောင်းကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်နှင့် အလုံးစုံကျန်းမာရေးအတွက် မျှတသောအစားအစာများကို ဂရုပြုစားသုံးရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံအလေ့အထများကို ရေရှည်ပြုလုပ်ရန်လိုအပ်ကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။ ။

---

➤ စာမျက်နှာ ၇ မှ

(င) တဖုသငယ် (ရွှေတိဂုံသမိုင်းဘွဲ့)

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) နှလုံးသားကို အလှဆင်ပါမယ် (ကာလပေါ်)

(ခ) စက်လဲပျော်ပါနိုင် (ယိုးဒယား)

(ဂ) ဘုန်းမိုးရွှာစွေသွန်းဖြန်း (ကြိုး)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) မြန်သပြေဘွေတကျွန်းခြားမြေ (ယိုးဒယား)

(ခ) ထန်းရွက်ပုတီး (ကာလပေါ်)Key -F

(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

(ခ) မေတ္တာရွှေရည် ( ကာလပေါ်)

(ဂ) ကန်မင်းသာစွ (ယိုးဒယား)

## "ဆိုင်းတစ်ဦးချင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ **ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)**

(က) နှင်းယွန်းဂီမာန် (မွန်)

(ခ) သာရကာကျေး (ပတ်ပျိုး)

(ဂ) ရွှေနန်းအောင်ချာ (ကြိုး)

(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)

(င) တောတောင်စွယ် (ယိုးဒယား)

(စ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

(ဆ) ဒီပါအေးမြ (ပတ်ပျိုး)

(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ **ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)**

(က) စိန်ငွေလျှံ (ပတ်ပျိုး)

(ခ) တောမြိုင်စွန်း (ယိုးဒယား)

(ဂ) ဟေမဝန်ချာ (ဘွဲ့)

(ဃ) သပြေပင်ဝန်း (ကြိုး)

(င) မှိုင်းမှိုင်းမြ (သီချင်းခံ)

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)

(ခ) တာသစ်ကယ်လေကူး (ပတ်ပျိုး)

(ဂ) ကုဏ္ဍလာ (ယိုးဒယား)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) တောဟေဝန်လယ် (ယိုးဒယား)

(ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)

(ဂ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) ဇေယျာအောင်ချာ (ကြိုး)

(ခ) ရွှေဘုန်းရွှေဘုန်း (ကြိုး)

(ဂ) မြမန်းဂီရိ (ယိုးဒယား)

# တိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုကြိုဆို



ပဲခူး ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်၍ ဆုတံဆိပ်များ ဆွတ်ခူးခဲ့ကြသော အားကစားသမားများအား ဂုဏ်ပြုကြိုဆိုပွဲကို ဩဂုတ်လ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်၊ ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးစောလင်းအောင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းခန့်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများက အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုပန်းကုံးများ၊ လက်ဆောင်ပန်းစည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများအနက် လူသစ်တန်း ၅၇ ကီလိုတန်းမှ မောင်ဝေယံမင်းသူနှင့် ၆၇ ကီလိုတန်းမှ မောင်အောင်ကောင်းမြတ်တို့က ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ကြပြီး လူသစ်တန်း ၅၁ ကီလိုတန်းမှ မောင်မြင့်မြတ်မောင်၊ မောင်သန်းလင်းအောင်၊ မောင်လွင်ကိုကိုထက်၊ (ဂ)အဆင့် ၅၇ ကီလိုတန်းမှ မောင်ကျော်စိုးသန်းနှင့် အမျိုးသမီး ၅၁ ကီလိုတန်းမှ မရဝေလှိုင်တို့က ငွေတံဆိပ်များ၊ (ဂ)အဆင့် ၅၁ ကီလိုတန်းမှ မောင်ကောင်းခန့်ကျော်နှင့် အမျိုးသမီး ၅၄ ကီလိုတန်းမှ မသွယ်ဇင်ယွန်းတို့က ကြေးတံဆိပ်များ အသီးသီး ရရှိခဲ့ကြသဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်ကိုးခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

(၄၁၀)

# ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



ကျောက်တလုံးကြီး ဩဂုတ် ၂၄

ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန်၊ ကျောင်းသား၊ ကျောင်းသူများ စကားပြောစွမ်းရည်များ ကောင်းမွန်လာစေရန်၊ စာပေဖတ်ရှု၍ လက်တွေ့ဘဝအောင်မြင်ရေးအတွက် အသုံးချတတ်စေရန်ရည်ရွယ်ချက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ရှိ ကျောက်တလုံးကြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် လူငယ်စကားဝိုင်းကျင်းပသည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီးမြို့ဦးစီးမှူး ဒေါ်သန္တာဝင်းက လူငယ်စကားဝိုင်းကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ Grade – 9 မှ မခမ်းကြည်ခမ်းက လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဖြူစင်ဖွေးက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade–8 မှ မလှရွှေနုက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade–9 မှ မောင်ခွန်မျိုးအောင်က လူငယ်နှင့် ကွန်ပျူတာအသုံးပြုခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်မိုးဟိန်းက လူငယ်နှင့် နည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade–8 မှ မောင်ကောင်းထက်လင်းက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးကြရာ အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

ဇော်နိုင်လင်း

# ဘုတလင်မြို့နယ်၌ ပဲစင်းငုံ ၃၀၆၁၂ ဧကစိုက်ပျိုးပြီးစီး

ဘုတလင် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ပဲစင်းငုံဧက ၃၄၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၃၀၆၁၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်၌ ပဲစင်းငုံ စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှုလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့် လက်ချား သုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ် သက်သာပြီး အပင်များ ပိုးမွှားကင်းစင် အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေ ဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## စစ်မှုထမ်းမှာ ငါ့ဝန်တာ

❒ ငါသည်မြန်မာ
မြန်မာပြည်ဟာ၊ ငါ့မြေလွှာမို့
ကာကွယ်ရမှာ ငါ့ဝန်တာ။

❒ မြန်မာပီပီ၊ ရဲသွေးနီ၏
ခိုင်ကျည်စိတ်ထား၊ ဖွဲမာန်များနဲ့
ပြည့်အားကာကွယ် စောင့်ရှောက်မယ်။

❒ စစ်အမှုထမ်း၊ အိမ်ပြန်လမ်းတွင်
ပြုံးပန်းဝေကာ၊ ပြန်လာကြမူ
ရဲရင့်သူကို၊ ဂုဏ်ယူချီးမွမ်း
ပန်းများဝေဝေ၊ လန်းသပြေနှင့်
ကမ်းလေမပျက်၊ ကြိုဆိုချက်ကို
မြင်လျက်ငါ့မှာ ပီတိဖြာ။

❒ နောင်အချိန်ခါ၊ စာလွှာဆင့်ထောက်
ငါ့လှည့်ရောက်လျှင်၊ လန်းရွှင်မပျက်
သင်တန်းတက်ကာ၊ ငါ့ဝန်တာကို
ထမ်းကာဆောင်ရွက် ပြည့်အတွက်။

❒ ငါသည်မြန်မာ
မြန်မာပြည်ဟာ၊ ငါ့မြေလွှာမို့
ကာကွယ်ရမှာ ငါ့ဝန်တာ။

အောင်မင်းကျော်(ပညာ)



မကွေးတိုင်းဒေသကြီး ကံမမြို့နယ် စည်ပင်သာယာမြို့မဈေးအတွင်း၌ ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို အဆိုပါဈေးအတွင်း ဆောင်ရွက်စဉ်။

ကျော်ဇေယျာဝင်း(ကံမ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၈-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသသီးနှံများသုတေသနဌာနနှင့် ပြည်တွင်းမိတ်ဖက်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရေရှည်မဟာဗျူဟာမြောက်ဆောင်ရွက်သွားမည်



နေပြည်တော် ဩဂုတ် ၂၄

အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသသီးနှံများ သုတေသနဌာန (ICRISAT)နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အပူပိုင်းဒေသသီးနှံများဆိုင်ရာသုတေသနလုပ်ငန်းများ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဈေးကွက်အရ အရေးပါသည့် ကုလားပဲ၊ ပဲစင်းငုံ၊ မြေပဲအပြင် အာဟာရတန်ဖိုးမြင့်သည့် လူး၊ ဆပ်သီးနှံများတွင် ရောဂါဒဏ်၊ ရေငတ်ဒဏ်ခံနိုင်ရေးအတွက် (ICRISAT)နှင့်ပူးပေါင်း၍ မျိုးသစ်များရရှိရေး၊ မျိုးအဆင့်မြှင့်တင်ရေးဆောင်ရွက်ရမည့်အပြင် စက်ကိရိယာသုံးစွဲ စိုက်ပျိုးရေး၊ ရိတ်သိမ်းချိန်လွန်စီမံခန့်ခွဲရေးနှင့် ဈေးကွက်ဖွံ့ဖြိုးရေးတို့ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသီးနှံများ သုတေသနဌာန (ICRISAT)စိုက်ပျိုးမွေးမြူရေး ပညာရှင်များနှင့် စီးပွားရေးပညာရှင်များက Asia Breeding Network (ASIABENET)၏ ဆောင်ရွက်ချက်များ၊ ညှိနှိုင်းဆွေးနွေးပွဲ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များနှင့် ဈေးကွက်အလားအလာများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသီးနှံများသုတေသနဌာန (ICRISAT) စိုက်ပျိုးရေးပညာရှင်များ၊ နှံစားပြောင်းသီးနှံမွေးမြူရေးပညာရှင်များ၊ မြေပဲ၊ ပဲစင်းငုံ၊ လူး၊ ဆပ် သီးနှံစိုက်ပျိုးမွေးမြူရေးပညာရှင်များ၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံမျိုးစေ့ထုတ်အသင်းတို့မှ ကိုယ်စားလှယ်များနှင့် သုတေသီများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ပြည်ထောင်စုဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၅/၂၀၂၆

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာနအမည်ပြောင်းလဲသတ်မှတ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား **ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ**

# သောက်သုံးရေရရှိရေး ရေစက်ရုံတည်ဆောက်

ချောက် ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ချောင်းတက်ကျေးရွာအုပ်စု ချောင်းတက်ကျေးရွာ၌ သောက်သုံးရေရရှိရေး ရေစက်ရုံတည်ဆောက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာရေရရှိရေးကော်မတီဝင်များက ချောင်းတက်ကျေးရွာ၌ ရေစက်ရုံတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ချောင်းတက်ကျေးရွာ၌ အလျား ၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၇ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ 10 kw ပါဝါမီတာတပ်ဆင်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

# ပဲခူးမြို့ ၆၆ ကေဗွီ ပဲခူး အမှတ်(၆)ဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ၆၆ ကေဗွီ ပဲခူး အမှတ် (၆) ဓာတ်အားလိုင်းကို ဓာတ်အားလိုင်း အပြစ်မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားလိုင်းကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဩဂုတ်လ ၂၅ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ဓာတ်အားလိုင်းစစ်ဆေးပြုပြင်ခြင်း၊ သစ်ပင်သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံ Switch Yard များနှင့် Distribution Panel များအား လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေချိန်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာအတွင်းပါဝင်သည့် ရုံးဌာနများနှင့် စက်ရုံ/အလုပ်ရုံများသို့ ကြိုတင်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ

# “ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ ပြည်သူ့ကြားကပြည်သူ့စကား ”** အစီအစဉ်မှ **“ အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး ”** ခေါင်းစဉ်ဖြင့် ၂၆-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ ခမ္ဘနဲ့အခမ္ဘကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၄-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းများနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်နှင့်ဆီချီးမြှင့်ထောက်ပံ့



နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုလွှတ်တော်နာယကမြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ကိုယ်စား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ အခြေခံစားသောက်ကုန်များ ချီးမြှင့်ထောက်ပံ့သည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (၃၀)ပါအတိုင်း ကျင့်ကြံနေထိုင်ရန်၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအတိုင်း နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးကို ရှေးရှုဆောင်ရွက်ရန်မှာကြားပြီး ပြည်ထောင်စုလွှတ်တော်နာယကကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဆန်နှင့်ဆီ ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။



ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယနေ့အခမ်းအနားမှရရှိလာသည့် အသိအမြင် ဗဟုသုတများကို မှတ်သားလိုက်နာ၍ မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့်အခြေအနေများကို သတိပြုရှောင်ရှားကြရန်၊ မသမာမှုများ၊ မသင့်လျော်သောအကျိုးခံစားခွင့်များနှင့် အဂတိလိုက်စားမှုဆိုင်ရာ အပြုအမူများကိုတွေ့ရှိပါက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ရှိသူများထံတင်ပြကြရန်နှင့် အဂတိတရားကင်းရှင်းပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြုနိုင်မည့် ဝန်ထမ်းကောင်းများဖြစ်ကြစေရန်တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များလုပ်ငန်းဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့် အားသာချက်နှင့် အားနည်းချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ကလေး-ဖလမ်း-ဟားခါးလမ်း ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများပြုပြင်ပြီးစီးမှုနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကြည့်ရှုစစ်ဆေး



ဖလမ်း ဩဂုတ် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဖလမ်းခရိုင်လမ်းဦးစီးဌာနက ကလေး-ဖလမ်း-ဟားခါးလမ်း ကီလိုမီတာ (၁၂၇-၁၂၈) အကြားတောင်ပြိုမြေစာများအား ယန္တရားကြီးများဖြင့် ဖယ်ရှားပြုပြင်လျက်ရှိပြီး ကလေး-ဖလမ်း-ဟားခါးလမ်း ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများကို ပြုပြင်လျက်ရှိရာ ကလေး-ဖလမ်း -ဟားခါးလမ်း ကီလိုမီတာ (၁၈၂-၁၈၇)ကြား ပျက်စီးနေသည့်လမ်းပိုင်းများကို လမ်းဦးစီးဌာနနှင့် လမ်းအထူးအဖွဲ့(၁၀)ကလည်းကောင်း၊ ကီလိုမီတာ(၁၄၇-၁၅၁)ကြား မြေစာပြိုကျနေမှုများကို ဖယ်ရှားခြင်းနှင့် လမ်းပြုပြင်ခြင်းများကို ဖလမ်းခရိုင်လမ်းဦးစီးဌာနကလည်းကောင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းနှင့် ဖလမ်းခရိုင်အတွင်းရှိလမ်းပိုင်းများ ပြုပြင်နေမှု၊ ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့စခန်းရုံး၊ အိမ်ရာအဆောက်အအုံပြုပြင်နေမှုနှင့် တပ်မတော်မှ MEC TEL ဆက်သွယ်ရေးလိုင်းတပ်ဆင်ကာ ဒေသခံများကိုဆက်သွယ်ရေးဝန်ဆောင်မှုပေးနေမှု၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ စက်ရုံနှင့်ဂိုဒေါင်ပြုပြင်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ခရိုင်လမ်းဦးစီးရုံးအဆောက်အအုံပြုပြင်နေမှုနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းသားအိပ်ဆောင်များပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့တွင် တီးတိန်မြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ပစ္စည်းဂိုဒေါင်ပြုပြင်ပြီးစီးမှု၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းဆောင်၊ စားရိပ်သာပြုပြင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ၊ မီးသတ်ရေကန်နှင့် လူငယ်သင်တန်းကျောင်း နည်းပြအိပ်ဆောင် ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သည့် အရာထမ်းငယ်များအတွက် သံတမန်ရေးရာသင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်



နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သည့် အရာထမ်းငယ်များအတွက် သံတမန်ရေးရာသင်တန်းအမှတ်စဉ်(၉) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၂၀၂၆ ခုနှစ်တွင် အသစ်ခန့်အပ်လိုက်သည့် ဌာနစုမှူး-၂/အရာထမ်းငယ် ၂၉ ဦးတို့ကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များ၊ ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ အာဆီယံရေးရာများ၊ ကောင်စစ်ရေးရာများ၊ နိုင်ငံတကာဥပဒေများနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ခြင်း အစရှိသည့်ဘာသာရပ်များကို သင်တန်းကာလ ရက်သတ္တ ၁၁ ပတ်ကြာ စာတွေ့/လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက အမှာစကားပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် "၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့" အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲနှင့်လူငယ်အသိပညာပေးဟောပြောပွဲကျင်းပ



စစ်ကိုင်း ဩဂုတ် ၂၄

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ကျင်းပပြီး စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က "လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအားအလေးပြုခြင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အဖွင့်အမှာစကားပြောကြားခြင်း၊ "၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့" အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip အား ပြသခြင်းများဆောင်ရွက်ကြသည်။

ထို့ပြင် ဟောပြောဆွေးနွေးချက်များအပေါ် တက္ကသိုလ်အသီးသီးမှကျောင်းသား၊ ကျောင်းသူလူငယ်များက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ပြန်လည်ဖြေကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်းထံ အားကစားပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

❒ ရှေ့ဖုံးမှအဆက်

မ-၄၄ တောင်ငူ-သူရဲဈေး ရထားခရီးစဉ်အား ရိုးရိုးတန်းခြောက်တွဲ၊ ဘရိတ်တွဲနှစ်တွဲ စုစုပေါင်းရှစ်တွဲဖြင့် တွဲဆိုင်းဖွဲ့ဆင်ပြီး ဩဂုတ်လ ၁၉ ရက်မှစတင်၍ ပြေးဆွဲပေးလျက်ရှိရာ တောင်ပြုံးပွဲတော်ကာလအတွင်း ရထားစီးခရီးသည် စီးနင်းမှုများပြားသဖြင့် ဩဂုတ်လ ၂၂ ရက်မှစတင်၍ မ-၄၅ နှင့် မ-၄၆ ရထားနှစ်စင်းထပ်မံတိုးချဲ့ပြီး တစ်နေ့လျှင် အစုန်/အဆန် ရထားခရီးစဉ် ခြောက်ခေါက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

နေ့အလိုက်ရထားစီးခရီးသည်စီးနင်းမှုအနေဖြင့် စတင်ပြေးဆွဲသည့် ဩဂုတ်လ ၁၉ ရက်တွင် ခရီးသည် ၄၇၇ ဦး၊ ဩဂုတ်လ ၂၀ ရက်တွင် ခရီးသည် ၆၄၅ ဦး၊ ဩဂုတ်လ ၂၁ ရက်တွင် ခရီးသည် ၂၉၂၅ ဦး၊ ဩဂုတ်လ ၂၂ ရက်တွင် ခရီးသည် ၂၄၁၂ ဦးနှင့် ဩဂုတ်လ ၂၃ ရက်တွင် ခရီးသည် ၆၉၃၅ ဦးအထိ လိုက်ပါစီးနင်းခဲ့သဖြင့် စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့ထိ ခရီးသည် စုစုပေါင်း ၁၃၃၉၄ ဦး လိုက်ပါစီးနင်းခဲ့သည်။

သူရဲဈေး-တောင်ပြုံး ရထားခရီးစဉ်တွင် သူရဲဈေးဘူတာမှစတင်၍ မ-၄၁ ရထားသည် နံနက် ၇ နာရီတွင်လည်းကောင်း၊ မ-၄၃ ရထားသည် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ မ-၄၅ ရထားသည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ထွက်ခွာ၍ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ်တွင် တောင်ပြုံးဘူတာမှစတင်၍မ-၄၂ရထားသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ မ-၄၄ ရထားသည် မွန်းလွဲ၁၂ နာရီ၄၅ မိနစ်တွင်လည်းကောင်း၊ မ-၄၆ ရထားသည် ညနေ ၅ နာရီ တွင်လည်းကောင်း ထွက်ခွာပြီး လမ်းခရီးတွင် အိုးဘို၊ မြနန္ဒာ၊ ကပိုင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်ခအနေဖြင့် မည်သည့်ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးညှင်း လမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းနှင့် လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့်သူရဲဈေး-တောင်ပြုံး ရထားခရီးစဉ်တွင် ခရီးသည်စီးနင်းမှု ထပ်မံများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

မြဝတီ



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ရေဘေးသင့်ပြည်သူများကူညီရေး ရန်ပုံငွေဘောလုံးပွဲ ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရေဘေးသင့်ပြည်သူများအားကူညီရန် အနုပညာရှင်များ၏ ရန်ပုံငွေဘောလုံးပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ အားကစားကွင်း၌ ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် ကျော်ကျော်ဗိုလ်၊ သူထူးစံ၊ ဖိုးချစ်၊ ယုန်လေး၊ ကောင်းထက်ဇော်၊ ဘုန်းလျှံ၊ ရော်ရွက်၊ မျှုးသီဟသူ၊ မြန်မာ့လက်ရွေးစင်ဟောင်း ဇော်လင်းထွန်းနှင့် အခြားအနုပညာရှင်များပါဝင်သည့် M-10 အသင်းနှင့် ထွန်းထွန်း၊ မိုးယံဇွန်၊ ရာဝဏ္ဏ၊ လွှမ်းပိုင်၊ အိစိကွေး၊ ချာလီ၊ နေရဲနှင့် အခြားအနုပညာရှင်များပါဝင်သည့် R-7 အသင်းတို့ မိုးထဲရေထဲအကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမပိုင်းပွဲစသည်နှင့် R-7 အသင်းက ဘောလုံးပိုင်ဆိုင်မှုဖြင့် ပြိုင်ဘက်အသင်းကို ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် သုံးမိနစ်တွင် ချာလီရဲ့တစ်ကိုယ်တော် တိုးအားရှန်းအားဖြင့် ပြိုင်ဘက်ဂိုးဧရိယာအတွင်း ထိုးဖောက်ဂိုးသွင်းယူခဲ့သည်။ M-10 အသင်းချေပဂိုးရရှိရေး အချိတ်အဆက်တွဲလုံးများဖြင့် အကောင်းဆုံးကစားပြီး ဂိုးသွင်းခွင့်အခွင့်အရေးများရရှိခဲ့သော်လည်း ဂိုးကံခေခဲ့သည်။ M-10 အသင်း၏ တန်ပြန်တိုက်စစ်ကြောင့် သူတစ်ပြန်ကိုယ်တစ်ပြန် အပြန်အလှန်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် မိနစ် ၂၀ တွင်ဇော်လင်းထွန်းက အဝေးမှတိုက်ရိုက်ကန်သွင်းပြီး ချေပဂိုးသွင်းယူခဲ့သည်။

အပြန်အလှန်သွင်းဂိုးများကြောင့် ပွဲကပြိုင်ဆိုင်မှုပြင်းထန်လာပြီး ပွဲကစားချိန် ၂၅ မိနစ်တွင် R-7 အသင်းအတွက် ရာဝဏ္ဏက ဒုတိယဂိုးကိုသွင်းယူနိုင်ခဲ့သလို ပွဲကစားချိန် ၃၃ မိနစ်တွင်လည်း R-7 အသင်း တတိယဂိုးထပ်မံရရှိခဲ့သည်။ M-10 အတွက် ဒုတိယချေပဂိုးကို ပွဲကစားချိန် ၄၄ မိနစ်တွင်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ၃ ဂိုး ၂ ဂိုးဖြင့် R-7 အသင်းကပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေးအတွက် M-10 အသင်း လူစားလဲမှုများပြုလုပ်ပြီး တိုက်စစ်မြှင့်ကစားလာခဲ့ရာ ပွဲကစားချိန် ၅၆ မိနစ်တွင် တတိယဂိုး၊ ပွဲကစားချိန် ၆၁ မိနစ်တွင် စတုတ္ထဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့၍ ပြိုင်ပွဲအလှည့်အပြောင်းတစ်ခုဖြစ်ပြီး M-10 အသင်းကပွဲကို ပြန်လည်ဦးဆောင်ကစားခဲ့သည်။ လက်ကျန်ပွဲကစားချိန်များအား နှစ်ဖက်အသင်းအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၇၂ မိနစ်တွင် R-7 အသင်း ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးရရှိသွား၍ တစ်ဖက်လေးဂိုးစီဖြင့် ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသွားခဲ့သည်။ အနိုင်အရှုံးအတွက် ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ R-7 အသင်းကအနိုင်ရရှိသွားသည်။

ယနေ့ပြုလုပ်သည့် ရေဘေးသင့်ပြည်သူများကူညီရေး ရန်ပုံငွေဘောလုံးပွဲတွင် ပါဝင်ကစားခဲ့ကြသည့် အနုပညာရှင်ညီအစ်ကိုများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၆၀ ပါဝင်လှူဒါန်းခဲ့ကြပြီး နှစ်ဖက်အသင်းကစားသမားများ ဂိုးတစ်ဂိုးသွင်းနိုင်ပါက ငွေကျပ်တစ်သိန်းကို မြန်မာ့ဩဘာက ရေဘေးအတွက်ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# မျိုးမြေရေနည်း ပေါင်းစည်းဝေဆာ ဖွံ့ဖြိုးလာသည့် နိုင်ငံဘဏ္ဍာ မြန်မာ့ဝါ

မြတ်မင်း(စိုက်ပျိုးရေး)

“မျိုးမြေရေနည်း” ဟုဆိုပါလျှင် သီးနှံပင်စိုက်ပျိုးရေးအတွက်အသက်ဖြစ်ပြီး အထွက်နှင့်အရည်အသွေးတိုးတက်ရေးအတွက် အရေးပါလှသည်။ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးတွင် မျိုးစေ့ထုတ်လုပ်သူ၊ စိုက်ပျိုးသူ၊ ဝယ်ယူသူ၊ ဝါဂွမ်းနှင့် ဝါစေ့ကြိတ်ခွဲ ထုတ်လုပ်သူသည် ပထမတန်ဖိုးမြှင့် ကွင်းဆက်တစ်ခုဖြစ်ပြီး ချည်ထုတ်လုပ်သူ၊ ပိတ်ရက်လုပ်သူ၊ ဆေးဆိုးပန်းရိုက်သူ၊ အဝတ်အထည်ထုတ်လုပ်သူများသည် ဒုတိယကွင်းဆက်ဖြစ်သည်။ တန်ဖိုးမြှင့် ကွင်းဆက်တစ်လျှောက်လုံး ဟန်ချက်ညီညီ ပေါင်းစည်းဆောင်ရွက်ခြင်းသည် စိုက်ပျိုးသည်မှ အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့ အမြန်ဆုံးရောက်ရှိလာစေနိုင်ပြီး နိုင်ငံဘဏ္ဍာတိုးတက်လာစေမည်ဖြစ်သည်။



ဝါကုန်ကြမ်းမှသည် အရည်အသွေးကောင်း အထည်အလိပ်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးသည်မှစရပါမည်။ မျိုးအဖြစ် ပြည်တွင်းဝါမျိုးများနှင့် ပြည်ပစပ်မျိုးများစိုက်ပျိုးရာတွင် အရည်အသွေးကောင်းအဆင့်မီစေရန် မျိုးစေ့အရည်အသွေး၊ ထုတ်လုပ်မှုနည်းပညာနှင့် စည်းမျဉ်းများ ထိန်းသိမ်းခြင်းတို့ကို လိုက်နာရပါမည်။ မျိုးရိုးဗီဇကောင်းစေကာမူ စနစ်တကျထိန်းသိမ်းခြင်းမပြုပါက ပင်ကိုကောင်းသောအရည်အသွေးများ ပျက်သွားနိုင်သည်။ အရည်အသွေးနှင့် ဝါသီးနှံအထွက်နှုန်းကောင်းစေရန်အသုံးပြုမည့် မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များကို စနစ်တကျအဆင့်ဆင့်ပွားများထုတ်လုပ်နိုင်ရန် ပြည်တွင်းတွင် မတူကွဲပြားစွာ တစ်ယောက်တစ်မျိုး ထုတ်လုပ်နေမည့်အစား ဌာန၊ တောင်သူ၊ လုပ်ငန်းရှင် အစုအဖွဲ့များပါဝင်သည့် ကန်ထရိုက်စနစ်၊ အသင်းအဖွဲ့စနစ်ဖြင့် ထုတ်လုပ်ခြင်းသည် ဝါမျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ဖူလုံရေးအတွက် အရေးပါသောလုပ်ငန်းစဉ်တစ်ခုဖြစ်လာပါမည်။ စပ်မျိုးများကိုလည်း ပြည်ပမှ မိဘလိုင်းများတင်သွင်းပြီး ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီသည့် ပြည်တွင်းစပ်မျိုးထုတ်လုပ်ရေးနှင့် မျိုးစေ့ထုတ်တောင်သူ အစုအဖွဲ့များ၊ သမဝါယမအသင်းများ ပေါ်ပေါက်လာရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးသည့်တောင်သူများအနေဖြင့် မျိုးစေ့အဆင့်၊ အရည်အသွေးမြင့်မားမှု၊ အပင်ပေါက်နှုန်းကောင်းမွန်မှု၊ သန့်စွမ်းမှု၊ ပိုးမွှားရောဂါကင်းစင်မှုအတွက် မစိုက်ပျိုးမီ ကြိုတင်စုဆောင်းကြရမည်ဖြစ်သည်။ ပြည်ပစပ်မျိုးဝါများစိုက်ပျိုးကြရာတွင် ဒုတိယသားဆက်စိုက်ပျိုးခြင်းသည်အထွက်နှုန်းကျဆင်းခြင်း၊ ပိုးမွှားရောဂါဒဏ်မခံနိုင်ခြင်း၊ ဗီဇကွဲထွက်၍ အပင်၊ အသီး၊ ကိုင်းဖြာမညီခြင်း၊ ဝါဂွမ်းအရည်အသွေးဖြစ်သည့် ချည်မျှင်ရှည်မှု၊ ခိုင်ခံ့မှု၊ ချောမွေ့မှုကျဆင်းနိုင်သည့်အတွက် မစိုက်ပျိုးရန် ပညာပေးကြရပါမည်။ စပ်မျိုးများ၏ ဒုတိယသားဆက်မျိုးများကို ဒေသတစ်ခုတည်းအတွင်း စိုက်ပျိုးလာပါက မျိုးစေ့အရည်အသွေးထိန်းထားနိုင်မှုပျက်လာပြီး မျိုးများရောနှောကာ အရည်အသွေးနှင့် အထွက်ကောင်း ဝါစိုက်ပျိုးထုတ်လုပ်ခြင်းကို ထိခိုက်လာမည်ဖြစ်သည်။ အီဂျစ်နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် ဒေသတစ်ခုအတွင်း ဝါမျိုးတစ်မျိုးတည်းကိုသာစိုက်ပျိုးခြင်း၊ ဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်းတို့ကို ဒေသတွင်းညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးလျက်ရှိသည်ကို လေ့လာသိရှိရသည်။ ထုတ်လုပ်သည့်မျိုးများကို ထိန်းသိမ်းတန်ဖိုးထားပါမှ မိမိတို့လိုချင်သည့် အရည်အသွေးကောင်း ဂွမ်း၊ ချည်မျှင်တို့ကိုရရှိမည်ဖြစ်သည်။

ပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ရရှိစေရန် ရာသီအမီစိုက်ပျိုးခြင်းတွင် မိုးကြိုဝါရာသီတွင် စိုက်ချိန်ကို မိုးရာသီမိုးများခြင်းနှင့် မိုးစပါးဆက်လက်စိုက်ပျိုးနိုင်ရန်၊ ဝါသီးဆုံးပင်ဆုံး ကောက်နိုင်ရန်အတွက် ဖေဖော်ဝါရီလနောက်ဆုံးထားစိုက်ပျိုးခြင်း၊ မိုးဝါကို မေလဆန်းမှစတင်စိုက်ပျိုးနိုင်ခြင်းနှင့် မိုးနှောင်းဝါရာသီတွင် မိုးနှောင်းကာလ ဖြည့်စွက်ရေမပြတ်နိုင်ရန် ချင့်ချိန်၍ မြေအမျိုးအစား၊ မိုးရေချိန်ကိုလိုက်ကာ ဇူလိုင်လမှ စက်တင်ဘာလလယ် နောက်ဆုံးထားစိုက်ပျိုးပါက အထွက်သေချာမည်ဖြစ်သည်။

မျိုးစေ့အဆင့်အတန်းမီသည့် မှတ်ပုံတင်ပြီး မျိုးသန့်ဝါစေ့ကိုစိုက်ပျိုးကြရမည်။ အပင်ပေါက် ၇၅ ရာခိုင်နှုန်းရှိပါက မျိုးဝါစေ့အဖြစ်အသုံးပြုနိုင်ပြီး ဆေးလူးနယ်ထားသော ပိုးမွှားအမှိုက်ကင်းစင်သော အမွေးချွတ်ဝါစေ့ဖြစ်ရပါမည်။ မြေ၊ ရေသွင်းအားစုအနေဖြင့် မိမိမြေအဆင့်အတန်းကို စစ်ဆေး၍ ရေသွင်းရေထုတ်လွယ်ကူသော နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်မြေ၊ သဲစနယ်မြေနှင့် စနယ်မြေစေးတွင် စိုက်ပျိုးနိုင်သည်။ ထယ်ရေးနက်နက်နှင့် ညက်ညက်သည် အမြစ်ကြီးထွားဖွံ့ဖြိုးမှုကို ကောင်းမွန်စေသည်။ စိုက်သက်တမ်းတစ်လျှောက် ဖြည့်စွက်ရေရရှိရေး၊ မိုးရေ၊ သွင်းရေဖြင့် ချင့်ချိန်စိုက်ပျိုးခြင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို မြေခံတွင်ထည့်သွင်းအသုံးပြုခြင်း၊ ပိုးမွှားရောဂါကျရောက်မှုအတွက် ပိုးသတ်ဆေးသုံးစွဲမှုကိုလည်း စိုက်ပျိုးပညာရှင်များထံမှ ပူးပေါင်း၍ နည်းပညာများရယူနိုင်ခြင်းတို့ကို ဆောင်ရွက်ကြရမည်။

စိုက်ပျိုးနည်းပညာပိုင်းတွင် ထယ်ရေးနက်ရန်၊ ပေါင်းကင်းစင်ရန် ကြိုတင်မြေထွန်ယက်ခြင်း၊ အပင်ပေါက်စုံစေရေးအတွက် အရည်အသွေးမီ မျိုးစေ့သုံးစွဲခြင်းကို ကြိုတင်ဆောင်ရွက်ရပါမည်။ စစိုက်ပျိုးသည်နှင့်အပင်ပျောက်များ ပြန်ဖြည့်ရန် ကြိုတင်အရန်ပျိုးထောင်စနစ်ကို တစ်ပြိုင်တည်းကျင့်သုံး၍ ချက်ချင်းကျင်းလပ်များဖြည့်စွက်စိုက်ပျိုးခြင်းသည် အပင်အရေအတွက်အပြည့်ရရှိပြီး အထွက်နှုန်းတွင် စိတ်ချရသည်။

မြေအမျိုးအစားကိုလိုက်၍ ၂ ပေခွဲ x ၂ ပေခွဲ၊ ၃ ပေ x ၂ ပေ၊ ၃ ပေ x ၃ ပေ (နှစ်ပင်ချန်) စိုက်ပျိုးနိုင်သည်။ အမြစ်များထိခိုက်မှု၊ သီးကိုင်းအထွက်နောက်ကျမှု၊ တစ်ကိုင်းရှိ ဝါသီးလုံး လျော့နည်းမှုမရှိစေရန် ဝါပင်တွင် ရွက်ဆစ် (သုံးရွက်၊ လေးရွက်) ထွက်ချိန်ထက်နောက်မကျဘဲ တစ်ကျင်းနှစ်ပင်ချန်သားခွဲခြင်းနှင့် ပေါင်းကင်းစင်စေရန် လက်ပေါင်းလိုက်ခြင်း၊ ကြားထွန်လိုက်ပေးခြင်းဖြင့် ဝါပင်ကြီးထွားမှုကို ပြုပြင်ပေးရမည်။ ထယ်ရေးပြုလုပ်ချိန်၊ စိုက်ချိန်၊ ပန်းစပွင့်ချိန်၊ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျထည့်ပေးနိုင်ရမည်။ မိုးခေါင်ခြင်း၊ မိုးများခြင်း၊ ပူလွန်းခြင်း၊ အေးလွန်းခြင်းတို့တွင် အမြစ်အစာစုပ်ယူရန်ခက်ခဲခြင်း၊ အကိုင်းအခက်များသို့ ပေးပို့ရန်ခက်ခဲခြင်းကြောင့် အနည်းလိုအာဟာရဓာတ်များအတွက် ရွက်ဖျန်းဆေးဖျန်းပေးခြင်းသည် ထိရောက်မှုရှိသည်။ ရေကိုစနစ်တကျပေးသွင်းခြင်းဖြင့် မြေတွင်းအစိုဓာတ်လုံလောက်စွာရှိနေရမည်။ ပိုးမွှားရောဂါကျရောက်မှုကို စဉ်ဆက်မပြတ်ကြည့်၍ ဘက်စုံကာကွယ်နှိမ်နင်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့ကို မှန်ကန်စွာကျင့်သုံးခြင်းဖြင့် ပန်းတိုင်အထွက်ရရှိလာနိုင်မည်ဖြစ်သည်။

အထူးဂရုစိုက်ဆောင်ရွက်ရန်မှာ စိုက်ပျိုးပြီး တစ်လအတွင်းတွင် အပိမ့်ဝင်ရန်အစပြုချိန်၌ ပေါင်း၊ အာဟာရ၊ အစိုဓာတ်၊ ပိုးမွှားရောဂါကို ဂရုစိုက်ဆောင်ရွက်ရပါမည်။ စိုက်ပျိုးပြီး တစ်လမှနှစ်လအတွင်းတွင် အပိမ့်စတင်ဖွံ့ဖြိုးချိန်မှ အပွင့်စတင်ချိန်အတွင်း အထွက်နှုန်းကို စတင်သတ်မှတ်ပြီးဖြစ်၍ ရေငတ်ဒဏ်၊ ပိုးမွှားရောဂါဒဏ်၊ အာဟာရချို့တဲ့မှုဒဏ်ခံရပါက ဝါမျှင်သည် အစေ့ပေါ်တွင်မူတည်၍ ဖြစ်ရသဖြင့် အစေ့နည်းခြင်း၊ အသီးသေးခြင်းဖြစ်ပြီး အထွက်ထိခိုက်သည်။ စိုက်ပျိုးပြီး နှစ်လနောက်ပိုင်းတွင်လည်း ပန်းဖြိုင်ဖြိုင်ပွင့်၍ ဝါမျှင်ရှည်ထွက်ခြင်း၊ တုတ်ခြင်း၊ ဝါမျှင်ဆဲလ်နှင့် အစေ့ရင့်မှည့်သောကာလများဖြစ်၍ ရေငတ်ခြင်း၊ အပူချိန်မြင့်ခြင်းများကို ဂရုစိုက်ရပါမည်။ ဝါဂွမ်းပိုးနီကျရောက်ခြင်းဖြင့် ဝါစေ့များမအောင်မြင်ခြင်း၊ ဂွမ်းမွေးအရောင်စွန်းထင်းခြင်းနှင့် ဝါသီးပုပ်ခြင်းတို့ကိုဖြစ်စေပြီး အထွက်နှုန်း၊ ဂွမ်းမွေးအရည်အသွေး၊ မျိုးဝါစေ့ကို ထိခိုက်မှုလျော့စေနိုင်သည့် ကျရောက်မှုကို ကြိုတင်ကာကွယ်ခြင်းကို ဆောင်ရွက်ရမည်။ ဝါသီးတစ်ပင်လျှင် ပျမ်းမျှ သုံးလုံးခန့်ကွဲပါက စတင်ကောက်သိမ်းနိုင်ပြီး ခြောက်သွေ့သော ဝါပေါက်၊ ဝါကောင်းနှင့် ကြွယ်ဝါ ခွဲခြားကောက်သိမ်းခြင်း၊ ကောက်သိမ်းပြီးဝါများ ကောင်းစွာခြောက်သွေ့စေရန် နေလှန်းခြင်းတို့ ဆောင်ရွက်ပြီး သိုလှောင်နိုင်သည်။

အထည်အလိပ်လုပ်ငန်းအတွက် သဘာဝချည်မျှင်ကို ဝါသီးနှံမှအဓိကရရှိပြီး ဝါမှထုတ်လုပ်ရရှိသည့်အတွက် ဝါသီးနှံ၏အရေးပါမှုနှင့် အသုံးဝင်မှုတို့သည် ယနေ့တိုင်အောင် ခိုင်မာစွာတည်ရှိနေပါသည်။

ဝါရောင်းချမှုအပိုင်းတွင် တောင်သူမှ ဝါကြိတ်စက်များသို့ တိုက်ရိုက်ရောင်းချခြင်းနှင့် ဝါအဝယ်တော်များမှတစ်ဆင့် ဝယ်ယူပြီးတင်သွင်းရောင်းချခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ ဒေသတစ်ခုအတွင်းမှ စိုက်ပျိုးထားသည့်ဝါများကို မျိုးအလိုက်ခွဲခြားဝယ်ယူခြင်းနှင့် အရည်အသွေးအဆင့်သတ်မှတ်ခွဲခြားဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ရောင်းချခြင်းတို့ကိုဆောင်ရွက်ပါမှ အရည်အသွေးကောင်းဝါကိုရမည်ဖြစ်သည်။ “ဂွမ်းမွေးအရှည်”သည် ဝါကြိတ်ရာတွင် ချည်မျှင်အပြတ်များခြင်းဖြစ်ခဲ့လျှင် ဝါဂွမ်းထဲ၌ အစိုဓာတ်နည်းသွားလျှင်လည်း ဂွမ်းမွေးကိုတိုစေသည်။ ဂွမ်းမွေးအရှည် ညီညာမှုသည်လည်း ဝါကြိတ်စက်နှင့် သန့်စင်စက်များတွင် အပူဒဏ်လွန်ကဲစွာခံရသောဝါ၊ မိုးမိသောဝါ၊ မခြောက်သွေ့ဘဲ (၁၀) ရာခိုင်နှုန်းထက်ပိုသော အစိုဓာတ်များများဖြင့် သိုလှောင်ထားမိသောဝါ၊ ဝါမျိုးနှင့် စိုက်စနစ်ကြောင့် ဂွမ်းမွေးခိုင်ခံ့မှုနည်းသောဝါတို့သည်လည်း ဝါဂွမ်းမွေးအရှည်ညီညွတ်မှုကို အားနည်းစေသည်။ ထို့ကြောင့် ပထမကွင်းဆက်ဖြစ်ကြသည့် စိုက်ပျိုးသူ၊ ဝယ်ယူတင်ပို့ရောင်းချသူ၊ ဝါကြိတ်သူ၊ ဝါစေ့ကြိတ်သူတို့ ပူးပေါင်းဆောင်ရွက်မှ အရည်အသွေးကောင်း ဂွမ်း၊ မျိုးဝါစေ့၊ ဆီကြိတ်ဝါစေ့ကို ရကြမည်ဖြစ်သည်။

ဒုတိယကွင်းဆက်ဖြစ်သော ဝါဂွမ်းမှချည်ထုတ်လုပ်သူ၊ ဆေးဆိုးသူ၊ အထည်အလိပ်ရက်လုပ်သူများမှလည်း အရည်အသွေးကောင်းဂွမ်းရရှိစေရန်အတွက် ပထမကွင်းဆက်တွင် ဝင်ရောက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဝါဂွမ်းဝယ်ယူမှုစနစ်တွင် ပိုမိုအားကောင်းလာခြင်း၊ လုံလောက်လာခြင်း အကျိုးကိုရရှိမည်ဖြစ်သည်။ **စာမျက်နှာ ၁၄ သို့** ■


**✣ ပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ရရှိစေရန် ရာသီအမီ စိုက်ပျိုးခြင်းတွင် မိုးကြိုဝါရာသီတွင် စိုက်ချိန်ကို မိုးရာသီမိုးများခြင်းနှင့် မိုးစပါးဆက်လက်စိုက်ပျိုးနိုင်ရန်၊ ဝါသီးဆုံးပင်ဆုံး ကောက်နိုင်ရန်အတွက် ဖေဖော်ဝါရီလနောက်ဆုံးထားစိုက်ပျိုးခြင်း၊ မိုးဝါကို မေလဆန်းမှစတင် စိုက်ပျိုးနိုင်ခြင်းနှင့် မိုးနှောင်းဝါရာသီတွင် မိုးနှောင်းကာလ ဖြည့်စွက်ရေ မပြတ်နိုင်ရန် ချင့်ချိန်၍ မြေအမျိုးအစား၊ မိုးရေချိန်ကိုလိုက်ကာ ဇူလိုင်လမှ စက်တင်ဘာလလယ် နောက်ဆုံးထားစိုက်ပျိုးပါက အထွက်သေချာမည် ဖြစ် . . .**

■ စာမျက်နှာ ၁၃ မှအဆက်

အထည်ချုပ်ကဏ္ဍ၏ နည်းပညာပိုမိုတိုးတက်စေရန်အတွက် အထည်ချုပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး စက်ကိရိယာအပိုင်းတွင်လည်း လုပ်ငန်းရှင်များအတွက် ချည်စက်၊ ချည်ခင် ဆေးဆိုးစက်များ တင်သွင်းနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်ပဈေးကွက်ရရှိရေး၊ အွန်လိုင်းဈေးကွက်၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန်လိုင်စင်ကိစ္စများအတွက် ဆောင်ရွက်ပေးခြင်းတို့ကြောင့် ချည်မှသည်အထည်အလိပ်၊ ပြည်တွင်းမှသည် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်၍ မြန်မာ့ရိုးရာလက်မှု၊ စက်မှုအထည်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံဝင်ငွေ ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။

> ✥ **အထည်ချုပ်ကဏ္ဍ၏ နည်းပညာပိုမိုတိုးတက်စေရန်အတွက် အထည်ချုပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး စက်ကိရိယာအပိုင်းတွင်လည်း လုပ်ငန်းရှင်များအတွက် ချည်စက်၊ ချည်ခင် ဆေးဆိုးစက်များ တင်သွင်းနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိ . . .**
>
> ✥ **ပြည်ပဈေးကွက်ရရှိရေး၊ အွန်လိုင်းဈေးကွက်၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန်သွင်းကုန် လိုင်စင်ကိစ္စများအတွက် ဆောင်ရွက်ပေးခြင်းတို့ကြောင့် ချည်မှသည်အထည်အလိပ်၊ ပြည်တွင်းမှသည် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်၍ မြန်မာ့ရိုးရာလက်မှု၊ စက်မှုအထည်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် နိုင်ငံဝင်ငွေ ပိုမိုတိုးတက်လာစေမည်ဖြစ် . . .**


ပထမကွင်းဆက်တွင် စိုက်ပျိုးသူတို့မှ မျိုးစေ့မှန်ကန်ရေး၊ ပိုးမွှားရောဂါ စနစ်တကျကာကွယ်ရေး၊ ကောက်သိမ်းချိန်မှန်ကန်ရေးကို ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဝယ်ယူသူတို့က အရည်အသွေးခွဲခြားစိစစ်ဝယ်ယူရေး၊ ကြိတ်ခွဲသူတို့ကလည်း စက်ပိုင်းဆိုင်ရာ စနစ်တကျထိန်းသိမ်းရမည်။ စက်၏



အစိတ်အပိုင်းများကို စနစ်တကျထိန်းသိမ်းပါမှ ဂွမ်းမျှင်များမပြတ်တောက်ခြင်း၊ ဝါစေ့ကွဲ၊ အရွက်ခြောက်၊ ဖုန်၊ အမှိုက်များကိုဂွမ်းမျှင်များ မပျက်စီးစေဘဲ စက်ဖြင့်သန့်စင်ခြင်းစနစ်ဖြင့် ကြိတ်ခွဲခြင်းတို့ကို ဆောင်ရွက်နိုင်ရပါမည်။

ဒုတိယကွင်းဆက်တွင်လည်း ချည်ထုတ်လုပ်သူတို့မှ ဂွမ်းမွေးအရှည်၊ ခိုင်ခံ့မှုနှင့် သန့်ရှင်းမှုကို စနစ်တကျတိုင်းတာခြင်း၊ ကျစ်အားမှန်ကန်ခြင်း၊ အထူအပါးညီညာမှုရှိစေရန် စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းတို့ဆောင်ရွက်ရပါမည်၊ အရည်အသွေးကောင်းအထည်ရရှိစေရန် အထည်တွင် အကွက်များ၊ လှိုင်းထခြင်းများမဖြစ်ပေါ်စေရန် ရက်ကန်းကြိုးတင်းအား ညီညာစေရမည်။ ဆေးဆိုးခြင်းတွင်လည်း အရောင်မြဲမှုနှင့် အရည်အသွေးမီဆိုးဆေးများနှင့် နည်းပညာများကို အသုံးပြုရမည်၊ အထည်ရက်လုပ်ပြီး စက်မှုနည်းပညာဖြင့် သေချာစွာ အချောကိုင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်။

အချုပ်အားဖြင့်ဆိုရလျှင် မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်စက်မှုလုပ်ငန်းအထိ လုပ်ငန်းကွင်းဆက်တစ်လျှောက် တစ်ပြိုင်နက် မြှင့်တင်ဆောင်ရွက်ခြင်း၊ ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်၊ တောင်သူများနှင့် ထုတ်လုပ်သူများ တက်ညီလက်ညီ၊ ပူးပေါင်းဝေဆာ၊ ပြည်မြန်မာအတွက်၊ အားထုတ်ကြိုးပမ်းကြရမည့် “နိုင်ငံဘဏ္ဍာ၊ မြန်မာ့ဝါ” ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



## မိုးစပါးစိုက်တောင်သူများအား နည်းပညာပေးဆွေးနွေး

**လားရှိုး ဩဂုတ် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် မိုးစပါးစိုက်တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းတိုးတိုးက တောင်သူများအား စပါးစိုက်ခင်းများ ရေနစ်မြုပ်မှုအခြေအနေနှင့်ပတ်သက်၍ လိုက်နာလုပ်ဆောင်ရမည့်အချက်များ၊ စပါးအထွက်နှုန်းကောင်းပြီး တောင်သူများအကျိုးရှိစေရေးအတွက် ရှောင်ရန်၊ ဆောင်ရန်အချက်များအားရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများကလည်း ပိုးသတ်ဆေးသုံးစွဲမှု အခြေအနေများနှင့်ဓာတ်မြေဩဇာစနစ်တကျသုံးစွဲတတ်စေရေးတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တောင်သူများအား မြေဩဇာများဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးမင်း၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းတိုးတိုးနှင့်တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(ဗဝဓ)

## ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်

**မောက်မယ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူစေရန် ရည်ရွယ်၍ စန့်ဝင်ကျေးရွာအုပ်စုနှင့် စန့်ဆိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများသည် စန့်ဝင်ကျေးရွာအုပ်စုအတွင်းရှိ မောက်မယ်-ရွာသစ် ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စန့်ဆိုင်ကျေးရွာအုပ်စုအတွင်းရှိ မောက်မယ်-နားသဲ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်(မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၁၄၂ ဒသမ ၂၈၅ သန်းဖြင့်မောက်မယ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှုနှင့် နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများပုံမှန်ထုတ်ပေးလျက်ရှိ

**ကျိုက်ထို ဩဂုတ် ၂၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ ပင်စင်လစာငွေများကို ဩဂုတ်လ ၂၀ ရက်မှစတင်ထုတ်ပေးခဲ့ရာ ဩဂုတ်လ ၂၄ ရက်တွင်လည်း ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်းများ၏ပင်စင်လစာငွေများထုတ်ပေးရာတွင် အငြိမ်းစားဝန်ထမ်းများအနေဖြင့် မိမိတို့အဆင်ပြေသည့်နေ့တွင် လာရောက်ထုတ်ယူနိုင်ကြောင်း၊ ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက လိုအပ်သည့်အထောက်အထားများဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ပင်စင်လစာထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများက စာရင်းဖြည့်သွင်းခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါပင်စင်လစာငွေများကို အလှည့်ကျစနစ်ဖြင့် ထုတ်ယူခွင့်ပေးပြီး အသက်အရွယ်ကြီးသူများကိုလည်း အခက်အခဲမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးထားကြောင်း၊ ဩဂုတ်လ ၂၁ ရက်တွင် အငြိမ်းစားဝန်ထမ်း ၄၀၄ ဦးအားငွေကျပ် ၇၇၄၀၉၃၉၂ ကျပ် ၁၁ ပြားကိုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျိုက်ထိုမြို့နယ်မြန်မာ့စီးပွားရေးဘဏ်အား(Centralized e- Pension.) စနစ်ဖြင့် အဆင့်မြှင့်တင်ထားကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

# မြစ်ကြီးနားတက္ကသိုလ်၌ နိုင်ငံတကာပညာရေးဖိုရမ်(၂၀၂၆) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၂၄

မြစ်ကြီးနားမြို့ရှိမြစ်ကြီးနားတက္ကသိုလ်၌ နိုင်ငံတကာပညာရေးဖိုရမ် (၂၀၂၆) ကို ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ ၁၇ ခုကို ဖွဲ့စည်းထားကာ သက်ဆိုင်ရာဆပ်ကော်မတီအလိုက်ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ကျင်းပသည့် ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့်တက်ရောက်လာကြသူများက ဖိုရမ်ကျင်းပမည့်အစီအစဉ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အစီအမံများ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့ပြင် နံနက်ပိုင်းကလည်း အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် အခြေခံပညာအဆင့် ပန်းချီ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့အတူ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်မိခင်နှင့် ကလေးအသင်းအဖွဲ့ဝင်များနှင့်အတူ အလယ်တန်းကျောင်းသားများကို သန်ချဆေးနှင့်ကျောင်းသူများကို သံဓာတ်အားဆေးတိုက်ကျွေးကြကာ ကျန်းမာရေးအသိပညာပေးပြခန်းများ ဖွင့်လှစ်ပြသထားရှိမှုနှင့် KG ကလေးငယ်များအား ကျောင်းတွင်း အာဟာရကျွေးမွေးမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကယားပြည်နယ်တွင်း ငါးသားဖောက်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် ငါးသားပေါက်များဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန်မှာကြား



လွိုင်ကော် ဩဂုတ် ၂၄

ကယားပြည်နယ်တွင်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးသားဖောက်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ဖြန့်ဝေနိုင်ရေးဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းတွင် နောင်ယား(ခ)ရပ်ကွက်ရှိပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးကန်အမှတ်(၁)နှင့်အမှတ်(၂) ကန်ပေါင်ကျောက်စီခြင်း၊ အရှည်ပေ ၂၅၀ ခြံစည်းရိုးအား Chain Link ကာရံခြင်းလုပ်ငန်းနှင့် ငါးကန်များအတွင်း ငါးခုံးမကြီးအမျိုးအစား ငါးမှုန်ခြောက်သိန်းမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်ပြည်နယ်ဝန်ကြီးချုပ်ဦးအုံ့မော်က မှာကြားခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ပန်ကန်းကျေးရွာ ဗေဒါလမ်း အရှည်ပေ ၄၀၀၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ယင်းလမ်းပေါ်တွင် Box Culvert ရှစ်စင်း ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရန်အောင်မြင်လမ်းအရှည်ပေ ၄၀၀၀ ကျောက်ချောလမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် လမ်းဘေးဝဲ/ယာရေမြောင်းတူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့က လုပ်ငန်းအလွှာအလိုက် အရည်အသွေးစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ရှမ်းစုရပ်ကွက်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ရှမ်းပိုင်းတံတားနှင့် ဒေါနိုးကူးတံတားအကြား ဘီလူးချောင်း ကမ်းနားလမ်းတစ်လျှောက် အရှည်ပေ ၈၅၀ မြေထိန်းနံရံဆောင်ရွက်ပြီးစီးမှုနှင့် ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်မြို့နယ်အတွင်း စက်မှုလယ်ယာစနစ်သို့ ရာနှုန်းပြည့်ကူးပြောင်းနိုင်ရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ



ပြည် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း စက်မှုလယ်ယာစနစ်သို့ ရာနှုန်းပြည့် ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် စက်သုံးဆီလျှော့ချသုံးစွဲနိုင်ရန် ပြည်မြို့ ရွှေဝါထွန်းလယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်းမှ ဆိုလာအားသွင်းစနစ်သုံး ထွန်ယက်ထုတ်လုပ်စမ်းသပ်မောင်းနှင်မှုကို ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး မြေအမျိုးအစားမရွေး အချိန်ကြာမြင့်စွာ ထွန်ယက်အသုံးပြုနိုင်ရေးနှင့် အစေ့ချစနစ်ပါ တီထွင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စု၌ စားဖိုဆောင်သီးနှံ တစ်အုပ်တစ်မစိုက်ခင်း ဧက ၃၀၀ စိုက်ပျိုးထားရှိမှုနှင့် နဝဒေးစက်မှုဇုန်ရှိ "သာလွန်ကောင်း" သဘာဝမြေသြဇာထုတ်လုပ်ရေးအလုပ်ရုံတို့ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ပြည်မြို့တွင်းလမ်းမိုင်(၂/၄-၂/၅) အတွင်း လမ်းတာပေါင်ပြိုကျပျက်စီးမှုအပေါ် ယာယီမြေထိန်းနံရံဆောင်ရွက်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး ထပ်မံပြိုကျမှုမရှိစေရေးနှင့်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အန္တရာယ်ရှိလမ်းညွှန်အမှတ်အသားများ၊ အသိပေးရောင်ပြန်များထားရှိရန်နှင့် အမြန်ဆုံးပြန်လည်ပြုပြင်ရန် မှာကြားသည်။

အလားတူ ပြည်မြို့နယ် ကြို့ရသာကျေးရွာ၌ "A One" လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးအလုပ်ရုံ၌ Mobile ပဲအမျိုးမျိုးခြွေလှေ့စက်နှင့် ပဲရိတ်သိမ်းစက်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများတစ်နိုင်တစ်ပိုင်ဝယ်ယူအသုံးပြုနိုင်သည့် ဘက်စုံသုံးစက်ကိရိယာများ ဆက်လက်ထုတ်လုပ်ရန်နှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မှာယူထားသည့် လယ်ယာသုံးစက်ကိရိယာများ အချိန်မီထုတ်လုပ်ပေးနိုင်ရေး ကုန်ကြမ်းပစ္စည်းများလွယ်ကူစွာရရှိရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား

# ရပ်စောက်မြို့နယ်ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကော်ဖီစိုက်ပျိုးခြံနှင့် မက္ကဒေးမီးယားခြံတို့ကို ကွင်းဆင်းကြည့်ရှု

ရပ်စောက် ဩဂုတ် ၂၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကော်ဖီခြံနှင့် မက္ကဒေးမီးယားခြံတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကော်ဖီစက်ရုံ၊ သရက်သီးထုပ်ပိုးစက်ရုံ၏ သရက်သီးထုတ်လုပ်ဖြန့်ဖြူးနေမှုနှင့် နိုင်ငံခြားသို့တင်ပို့မည့် သံပရိုသီးများထုပ်ပိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

> ➢ **ရေ့ဖုံးမှအဆက်**
>
> ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။
>
> (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အိန္ဒိယသမ္မတနိုင်ငံက တပ်မတော်ဆေးတက္ကသိုလ်အတွက် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်း



တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးပြည့်စုံလင်းနှင့် အခမ်းအနား တက်ရောက်လာကြ သူများက လှူဒါန်းထားသည့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဇော်မျိုးဟန်အား ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ လှူဒါန်းမှုဆိုင်ရာစာရွက်စာတမ်းများလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

တပ်မတော်ဆေးတက္ကသိုလ်တွင် ဘွဲ့ကြို ဘွဲ့လွန် ဆေးပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရက လှူဒါန်းသည့် ဆေးပညာသင်ကြားရေးဆိုင်ရာသင်ထောက်ကူပစ္စည်းများအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်၊ ပင်မစာသင်ဆောင်၊ အစည်းအဝေးခန်းမ(၁) ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဇော်မျိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူး Colonel Arjun N Singh နှင့် တာဝန်ရှိသူများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ လှူဒါန်းမှုဆိုင်ရာစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်၊ ယင်းနောက်အခမ်းအနားတက်ရောက်လာကြသူများသည် ပေးအပ်လှူဒါန်းထားသည့် သင်ထောက်ကူပစ္စည်းများခင်းကျင်းပြသမှုနှင့် ၎င်းပစ္စည်းများအားအသုံးပြု၍ သင်ကြားရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယနေ့ အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပေးအပ်လှူဒါန်းသည့် သင်ထောက်ကူပစ္စည်းများအနေဖြင့် ဝမ်းဗိုက်နှင့် အရိုးဆစ်များအတွင်း အပေါက်ငယ်များဖောက်ကာ ကင်မရာဖြင့်ကြည့်၍ ခွဲစိတ်သောစက်ကိရိယာတစ်စုံ၊ အဆင့်မြင့်သွားတုပုံဖော်စက်တစ်စုံ၊ မျိုးရိုးဗီဇစမ်းသပ်စစ်ဆေးသည့်စက်တစ်စုံ၊ ရောဂါဗေဒ ခွဲခန်းတွင်အသားစမှန်ပြားများအား ဒီဂျစ်တယ်စနစ်ဖြင့်ကူးယူသောစက်တစ်စုံ၊ ဆေးပညာသင်ကြားရေးဆိုင်ရာ အဆင့်မြင့်အသံနှင့် ကင်မရာစနစ်တစ်စုံ၊ သင်ကြားရေးသုံးမျက်နှာပြင်ကျယ်ကွန်ပျူတာဖန်သားပြင်များနှင့် အရည်အသွေးမြင့် ပရိဂျက်တာများပါဝင်ကြောင်း သိရှိရပြီး ဆေးပညာသင်ကြားရေး၊ သုတေသနနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အတွက်များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံအကြားရှိရင်းစွဲချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ငဝန်ပန်းတာရေဝင်ရောက်မှုကိုထိန်းချုပ်ကာကွယ်နိုင်ရန် Geobags သဲအိတ်များချ၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

○ **ရှေ့ဖုံးမှအဆက်**

ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာတားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ လက်မခန့်အလိုတွင် ရောက်ရှိနေသည်၊ အဆိုပါမြစ်ရေသည်နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚C / | ၃၁˚C |
| ရန်ကုန် | ၂၅˚C / | ၃၃˚C |
| မန္တလေး | ၂၆˚C / | ၃၃˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Republic of India donates teaching aid for medical training to DSMA

NAY PYI TAW August 24

A ceremony to hand over medical teaching aid donated by the government of the Republic of India through the Indian Embassy in Myanmar took place at the meeting room (1) of the main leacture hall of the Defence Services Medical Academy this morning. It aims to use these teaching aids in the undergraduate and post-graduate medical education at the DSMA.

The ceremony was attended by Chief of Armed Forces Training Lt-Gen Pyae Sone Lin, Commander of Yangon Command Brig-Gen Tin Min Latt, Director of Medical Services Brig-Gen Zaw Myo Han, Indian Ambassador to Myanmar H.E. Mr. Abhay Thakur, Military Attache Colonel Arjun N Singh, officials, the commandant of DSMA, officials and guests.

Chief of Armed Forces Training Lt-Gen Pyae Sone Lin delivers speech at the handover ceremony of teaching aids for DSMA.







Director of Medical Services Brig - Gen Zaw Myo Han presents certificate of honour to Indian Ambassador to Myanmar H.E. Mr. Abhay Thakur.

The Chief of Armed Forces Training delivered an opening address. The Indian Ambassador to Myanmar explained the purpose of donation and handed over the related documents to the Director of Medical Services who returned certificates of honour.

The Rector of DSMA spoke words of thanks. The attendees viewed round the donated teaching aid on display and use of these teaching items.

At today's ceremony, the teaching aids donated by the Republic of India include a set of laparoscopic and arthroscopic surgical equipment, a set of advanced dental prosthetics modeling/milling machines, a set of genetic testing equipment, a set of digital pathology slide scanners, an advanced audio-visual system for medical education, large-screen educational computer monitors, and high-quality projectors. These items will significantly support medical training, research, and healthcare services while further strengthening the existing friendship and bilateral cooperation between India and Myanmar.

**100**

# Myinmu Township sees completion of growing rainfed sesame on more than 800 acres of croplands

MYINMU August 24

A total of 888 acres of croplands have been placed under rianfed sesame in Myinmu Township of Sagaing Region this year, according to the Township Agriculture Department.

During the 2026-2027 monsoon crop cultivation season, Myinmu Township has planned to cultivate 19,050 acres of rainfed sesame. Cultivation began in May this year, and it has been reported that 888 acres have been planted to date.

"This year, during the monsoon crop cultivation season, Myinmu Township has planned to cultivate more than 19,000 acres of rainfed sesame. As of today, 888 acres have already been cultivated. We are also making arrangements to ensure that the target acreage is fully achieved. We are working to expand sesame cultivation areas, improve yields, and promote cultivation using Good Agricultural Practices (GAP) methods," said U Soe Paing, Head of the Myinmu Township Agriculture Department.

This year, the Myinmu Township Agriculture Department has been providing awareness and technical guidance to rainfed sesame farmers to expand sesame cultivation, adopt proper cultivation methods and GAP practices, use quality and pure seeds, and grow high-yielding varieties.

Crops cultivated and produced under the GAP system have better quality and can fetch higher prices compared to crops produced using other cultivation methods. They also have the advantage of being marketable not only in domestic markets but also in international markets. Therefore, farmers producing crops under the GAP system are expected to gain greater economic benefits and improve their socioeconomic conditions.

**SMK**

# Plan underway to grow more than 24,000 acres of rainfed sesame

PWINTBYU August 24

Pwintbyu Township Department of Agriculture stated that local authorities earmarked cultivation of 24,720 acres of sesame as monsoon crop in Pwintbyu Township of Magway Region this year.

During this year's monsoon crop cultivation season, Pwintbyu Township is targeting the cultivation of 24,720 acres of sesame, with planting activities scheduled to begin in June this year.

"This year, during the monsoon cultivation season in Pwintbyu Township, we have targeted planting more than 20,000 acres of sesame. We will carry out measures to ensure that the designated cultivation acreage is fully achieved. We will help farmers cultivate quality oilseed crops in accordance with GAP practices," said Daw Moe Moe Wai, Head of the Township Department of Agriculture in Pwintbyu Township.

In Pwintbyu Township, during this year's monsoon crop cultivation season, staff from the Township Department of Agriculture will conduct field supervision and awareness activities for sesame growers to ensure successful crop production, prevent pest and disease infestation, promote correct cultivation methods, encourage the use of high-yield seed varieties, and maintain weed-free fields.

**SK**

# Pwintbyu Township plans to grow more than 5,000 acres of long staple cotton in coming monsoon

PWINTBYU August 24

The Township Agriculture Department stated that local farmers will place 5,271 acres of croplands under long staple cotton as monsoon crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 5,271 acres of long staple cotton are planned to be cultivated during this year's monsoon cropping season, with planting scheduled to begin in June this year. At present, preparations are underway on the farmland designated for long staple cotton cultivation, including ploughing and harrowing to achieve fine soil tilth and clearing weeds and other debris, according to reports.

"This year's monsoon cropping season, we have targeted the cultivation of 5,271 acres of long staple cotton in Pwintbyu Township. We will strive to ensure that the targeted acreage is fully achieved. In order to improve crop yields, we will help farmers select and cultivate high-quality and regionally suitable seed varieties," said Daw Moe Moe Wai, head of the Pwintbyu Township Agriculture Department.

During this year's monsoon cropping season, the Township Agriculture Department will conduct field supervision and provide farmer education activities for cotton growers in the township. These will include guidance on cultivating high-quality cotton seed varieties, applying correct cultivation techniques, preventing pests and diseases in advance, ensuring successful crop production, and systematically using agricultural inputs, according to reports.

Every year during the monsoon cropping season in Pwintbyu Township, local farmers commercially cultivate cotton varieties such as long staple cotton,



Shwetaung-8, and Shwetaung-10, which are considered profitable crops. This year as well, efforts are being made to ensure that cotton cultivation reaches the designated target acreage.

Township Agriculture Department head Daw Moe Moe Wai said that if cotton can be cultivated with good yield and quality, it will not only meet local consumption needs but also generate income through the sale of surplus production, thereby contributing to the socio-economic development of local communities. Therefore, efforts must be made to expand cotton cultivation.

**SK**

# Over 6,000 acres of rainfed paddy cultivated in Naga Self-Administered Zone

NAGA August 24

Sagaing Region Agriculture Department stated that local farmers planted more than 6,000 acres of rainfed paddy in Naga Self-Administered Zone in Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, the Naga Self-Administered Zone has planned to cultivate 25,417 acres of rainfed paddy. Cultivation began in May this year, and it has been reported that 6,346 acres have been planted to date.

This year, the completion of monsoon paddy cultivation by township in the Naga Self-Administered Zone is as follows: 650 acres in Leshi Township, 153 acres in Somra Township, 1,600 acres in Lahe Township, 310 acres in Thangpakhwe, 1,214 acres in Nanyun Township, 1,392 acres in Donhee, and 1,027 acres in Pansawng, totalling 6,346 acres.

For the 2026-2027 monsoon crop cultivation season, the township-wise planned acreage for monsoon paddy cultivation in the Naga Self-Administered Zone is as follows: 3,340 acres in Leshi Township, 2,028 acres in Somra Township, 5,885 acres in Lahe Township, 1,516 acres in Thangpakhwe, 2,557 acres in Nanyun Township, 4,909 acres in Donhee Township, and 5,182 acres in Pansawng Township, totalling 25,417 acres.

During this year's monsoon crop cultivation season, the relevant Township Agriculture Departments and local farmers are cooperating to ensure that monsoon paddy is cultivated systematically without difficulties.

In the Naga Self-Administered Zone, farmers growing monsoon paddy are being provided with agricultural technical assistance, awareness on pest prevention, guidance to prevent crop damage and losses, and reminders to ensure that harvested paddy is transported under shelter in a timely manner.

To ensure that the monsoon paddy fields cultivated in the Naga Self-Administered Zone this year grow successfully and achieve good yields, officials from the relevant Township Agriculture Departments are conducting field-based technical assistance, including guidance on selecting and cultivating quality and pure seeds, monitoring pest infestations, weeding, removing off-type plants, and applying fertilizers systematically.

**SMK**

# More than 1,000 acres of Sterculia versicolor planted in Wetlet Township

WETLET August 24

According to the Township Agriculture Department, local farmers have planted 1,250 acres of Sterculia versicolor trees in Wetlet Township, Sagaing Region, this year.

During the 2026-2027 monsoon crop cultivation season, Wetlet Township has planned to cultivate 1,250 acres of Sterculia versicolor. Cultivation began in May this year, and it has been reported that the cultivation of 1,250 acres has been completed to date.

"This year, during the monsoon crop cultivation season, Wetlet Township planned to cultivate 1,250 acres of Sterculia versicolor. As of today, the cultivation of 1,250 acres has been completed. Sterculia versicolor is drought-resistant and can grow in various types of soil. It is also a tropical forest tree species. It can be expanded in areas with low rainfall, such as Kyauksetgone areas," said Daw Kyin San, Head of the Wetlet Township Agriculture Department.

The Agriculture Department is encouraging Sterculia versicolor growers to cultivate the crop using the chemical-free Good Agricultural Practices (GAP) system. Sterculia versicolor produced from farms cultivated under the GAP system will be issued GAP certification. It is a low-chemical-input product, and cultivation under GAP methods is expected to help Sterculia versicolor gain a stronger market position compared to conventionally grown products.

In addition, the Agriculture Department will cooperate with trade associations to increase Sterculia versicolor yields and ensure that the crop gains access to markets.

**SK**

# Local traders from Kyaiklat Township ship large volume of eels to Yangon market

KYAIKLAT August 24

Local merchants from Kyaiklat Township Agriculture Department in Ayeyawady Region sold a large volume of eel to Yangon market said Daw Zar Zar Oo, the fishery product wholesaler in Kyaiklat Township.

In Kyaiklat Township, exports of eels to the Yangon market 56,000 viss. The increase in eel shipments was due to stronger demand from the Yangon market, according to reports.

"Since the first week of last month, eel exports have noticeably increased. The rise in eel trading is reportedly because domestic eel businesses have resumed operations. Locally produced eels are mainly shipped to Yangon. From Yangon, they are further distributed and sold to other domestic and overseas markets. With demand improving like this, eel farmers, workers, and eel catchers have seen better business opportunities," said Daw Zar Zar Oo.

It is reported that in January, the price of 10 viss of eels exported from Kyaiklat Township to the Yangon market reached up to Ks-215,000. Locally produced eels are mainly shipped to the domestic Yangon market and then further distributed to other regions through Yangon.

**SMK**

# Putin meets Indian Foreign Minister Jaishankar in Kremlin

MOSCOW August 24

Russian President Vladimir Putin met with Indian Foreign Minister Sub-rahmanyam Jaishankar at the Kremlin on Monday.

Russia and India continue to work in almost all areas, Russian President Vladimir Putin said on Monday.

"I am very glad to see you, Mr. Minister. Your visit today highlights the level of relations that have developed between Russia and India for decades. We continue to work in almost all areas, both at the government level and interparliamentary relations, through participants in economic activity," Putin said at a meeting with Indian Foreign Minister Subrahmanyam Jaishankar in Moscow.

There is growth of trade between Russia and India in 2026, Putin added.

Russia is ready to increase fertilizer supplies to India in order to ensure the requirements for the country's agriculture, Vladimir Putin said.

"We are doing everything to close this issue for Indian farmers and agriculture, we are increasing these supplies and we are ready to do this further," Putin said.

Putin noted that trade turnover between Russia and India continues to grow in 2026, while bilateral cooperation is expanding across nearly all areas.

The Russian leader also said he expects to meet Indian Prime Minister Narendra Modi on the sidelines of the upcoming Shanghai Cooperation Organisation (SCO) summit.

This was not the first time the Russian leader has hosted Jaishankar at the Kremlin. The previous meeting took place in November 2025. In addition, the Indian foreign minister participated in events related to Putin's state visit to India in December last year.



Jaishankar arrived in Russia for an official visit. He has already held talks with Russian First Deputy Prime Minister Denis Manturov and is scheduled to meet with Russian Foreign Minister Sergey Lavrov.

Earlier, Russian presidential spokesman Dmitry Peskov told Indian media that Putin would "in any case personally participate" in the BRICS summit, which will be held in New Delhi on September 12–13.

Speaking to journalists, Peskov noted that India is a special and privileged partner of Russia. He added that the agenda for bilateral contacts is "more than extensive." **Sputnik**

# 16 taken to hospital after high school coach crashes in Netherlands




THE HAGUE August 24

Dutch police said 16 people were taken to hospital after an Austrian coach carrying German high school students collided with a delivery van near Wezep in the eastern Netherlands early Monday morning.

"Fifteen people from the coach and the driver of the delivery van were taken to hospital. The van driver was seriously injured," police said in a social media post. Police said they were alerted to the accident at around 4:20 a.m. local time (0220 GMT).

According to German regional broad-caster NDR, the coach was carrying 54 high school students and four teachers traveling to Paris. Most of the students are expected to return to their school later Monday.

The local safety region said that those involved in the accident who were not taken to hospital are being accommodated at a reception center in Wezep.

The Dutch Forensic Traffic Investigation Unit will investigate the crash to determine its cause. **Xinhua**

# Singapore launches world-first data center powered by human brain cells

SINGAPORE August 24

Singapore has launched the world's first independently operated data center using living human brain cells for some computing tasks, the medical school of the National University of Singapore (NUS Medicine) has said. The system consumes a fraction of the power of traditional computing hardware. The neurons are fed every three days and sustained by dedicated life-support equipment.

NUS Medicine announced the prototype earlier this month in partnership with Singapore-based data center operator DayOne and Australian biotech firm Cortical Labs. Housed at the university, the system is described by its developers as the world's first independently operated biologically integrated server rack.

The facility comprises 20 CL1 biological computers, each containing at least 200,000 lab-grown human neurons on an electrode-fitted silicon chip. Derived from blood cells reprogrammed into stem cells, the neurons exchange electrical signals with conventional hardware, turning their activity into computing power.

Cortical Labs founder and CEO Hon Weng Chong said the prototype moves biological computing "from research to commercial application," arguing it could complement AI where "data is sparse" and conditions change. He pointed to potential uses in drug discovery, humanoid robotics, cybersecurity and fraud detection.

Unlike conventional data centers packed with power-hungry servers and cooling systems, biological computers could operate on a fraction of the electricity by harnessing the natural processing capabilities of living neural networks.

Keeping the "computers" running looks more like maintaining a laboratory than a server room. Technicians feed the cells a mixture of sugar, micronutrients and pH buffers every three days, while a gas system supplies carbon dioxide, oxygen and nitrogen.

Each CL1 draws around 30 watts including its life-support equipment, according to Chong. Nvidia's H100 SXM AI processor can consume up to 700 watts under heavy workloads, while a server fitted with eight such chips can draw around 10,200 watts including supporting hardware.

The power difference is particularly relevant for Singapore, which temporarily halted construction of new data centers in 2019 because of concerns over their electricity and water consumption. Data centers accounted for around 7 percent of the country's electricity use in 2020. The technology is not intended to replace silicon, which Chong said remains "far superior" for the fast, repeatable calculations behind large language models such as ChatGPT. Biological systems, however, can learn from fewer examples and adapt to changing conditions. **RT**

# Global daily sea surface temperature hits record high: EU climate monitor

BRUSSELS August 24

The daily global average sea surface temperature (SST) reached 21.1 degrees Celsius on Aug. 22, surpassing the previous record of 21.09 degrees Celsius set in March 2024, the Copernicus Climate Change Service (C3S) said Monday.

The C3S said that this new record is particularly notable as global ocean temperatures are typically highest in March and April, following the austral summer. The previous August record was 20.98 degrees Celsius, set in 2023.

C3S said global SSTs remain at historically high levels in 2026, with several months recording record or near-record temperatures.

"A strong El Nino is now developing in the tropical Pacific, adding further warmth to an ocean that has already been warming over many decades as a result of human-driven climate change," C3S said.

The World Meteorological Organization expected El Nino to strengthen in the coming months, while C3S seasonal forecasts suggest the event could reach levels not seen for several decades.

Samantha Burgess, Strategic lead for climate at the European Centre for Medium-Range Weather Forecasts (ECMWF), said the record was "another clear signal of an ocean under growing stress."

"As ocean temperatures continue to rise, the risks to marine eco-systems and coastal communities also increase," Burgess said, noting that the number of marine heatwave days globally has more than tripled since the early 1990s.

C3S said long-term ocean warming contributes to sea-level rise through thermal expansion and increases the likelihood and intensity of marine heatwaves, putting pressure on eco-systems such as coral reefs and seagrass meadows, as well as fisheries and aquaculture.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 58 Verb + -ing or to … 3 (like / would like etc.)

### A **like / love / hate**

When you talk about repeated actions, you can use -**ing** or **to** … after these verbs.

So you can say:

- Do you **like getting** up early? or Do you **like to get** up early?
- Stephanie **hates flying**. or Stephanie **hates to fly**.
- I **love meeting** people. or **I love to meet** people.
- I don't **like being** kept waiting. or … **like to be** kept waiting.
- I don't **like** friends **calling** me at work. or … friends **to call** me at work.

but

(1) We use -**ing** (not **to** …) when we talk about a situation that already exists (or existed).

For example:

- Paul lives in Berlin now. He **likes living** there. (he lives there now and he likes it)
- Do you **like being** a student? (you are a student – do you like it?)
- The office I worked in was horrible. I **hated working** there. (I worked there and I hated it)

(2) There is sometimes a difference between **I like to do** and **I like doing**:

**I like doing** something = I do it and I enjoy it:

- **I like cleaning** the kitchen. (= I enjoy it.)

**I like to do** something = I choose to do it (but maybe I don't enjoy it):

- It's not my favourite job, but **I like to clean** the kitchen as often as possible.

Note that we use -**ing** (not **to** …) with **enjoy** and **mind**:

- I **enjoy cleaning** the kitchen. (not I enjoy to clean)
- I **don't mind cleaning** the kitchen. (not I don't mind to clean)

### B **would like** / **would love** / **would hate** / **would prefer**

**Would like** / **would love** etc. are usually followed by **to** … :

- I'**d like** (= I **would** like) to go away for a few days.
- What **would** you **like to do** this evening?
- I **wouldn't like to go** on holiday alone.
- I'**d love to meet** your family.
- **Would** you **prefer to eat** now or later?

Compare **I like** and **I would like** (**I'd** like):

- I **like playing** tennis. / I **like to play** tennis. (= I like it in general)
- I'**d like to play** tennis today. (= I want to play today)

**Would mind** is followed by -**ing**:

- **Would** you **mind closing** the door, please? (not mind to close)

### C **I would like to have** (**done** something)

I would like **to have done** something = I regret now that I didn't or couldn't do it:

- It's a shame we didn't see Anna. I **would like to have seen** her again.
- We'**d like to have gone** away, but we were too busy at home.

We use the same structure after **would love** / **would hate** / **would prefer**:

- Poor David! I **would hate to have been** in his position.
- **I'd love to have gone** to the party, but it was impossible.

enjoy/mind — Unit 53 would like — Units 37E, 55A prefer — Unit 59

**Raymond Murphy**

# နာရာမုန်တိုင်းကြောင့် တရုတ်နဲ့ ဗီယက်နမ်မှာ ရေကြီးမှုနဲ့ မြေပြိုမှုများဖြစ်ပွား

ပေကျင်း၊ သဘာဝဘေး

နာရာတိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများနဲ့မြေပြိုမှုများဖြစ်ပေါ်ခဲ့ရတဲ့အတွက် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးဒေသနဲ့ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသတွေမှာ အဆောက်အအုံတွေနဲ့ သီးနှံတွေထိခိုက်ပျက်စီးခဲ့တယ်လို့ သိရပါတယ်။

မိုးဆက်တိုက်ရွာသွန်းပြီး ရေကြီးလာတာကြောင့် တရုတ်နိုင်ငံဘက်မှာဆိုရင် လူပေါင်း ၅၄၀၀၀ လောက်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရပါတယ်။ လူ ၈၀၈၇ ဦးကိုတော့ အရေးပေါ်ကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားရတယ်လို့ CCTV သတင်းဌာနကထုတ်လွှင့်ထားပါတယ်။

အလားတူ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းမှာလည်း မုန်တိုင်းကြောင့် ရက်ပေါင်းများစွာကြာ မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် လူတစ်ဦးသေဆုံးပြီး အိမ်ထောင်စု ၄၃၀၀ ကျော်အနေနဲ့ ဘေးလွတ်ရာကိုရှောင်ရှားခဲ့ရပါတယ်။ နာရာမုန်တိုင်းဟာ တုန်ကင်ပင်လယ်ကွေ့ဆက်လက်တည်ရှိနေပေမယ့် ကုန်းတွင်းပိုင်းကို မဝင်တော့ဘူးလို့သိရပါတယ်။ **Ref: CCTV**



# မိုင်းရှင်းလင်းရေးအတွက် တရုတ်က ကမ္ဘောဒီးယားကို စမတ်ဒရုန်းများကူညီ

ဖနွမ်းပင်၊ ဆက်ဆံရေး

ကမ္ဘောဒီးယားနိုင်ငံဟာ မြေမြှုပ်မိုင်းအန္တရာယ်ကိုရှင်းလင်းဖို့ နည်းပညာအသစ်တွေကို ပိုမိုအားဖြည့်အသုံးပြုလာပါတယ်။ အခုနောက်ဆုံး တရုတ်နည်းပညာကုမ္ပဏီတစ်ခုက ကမ္ဘောဒီးယားမိုင်းရှင်းလင်းရေးအဖွဲ့ထံ စမတ်ဒရုန်းတွေနဲ့နည်းပညာဆိုင်ရာသင်တန်းတွေ ကူညီထောက်ပံ့ပေးလိုက်ပါတယ်။

ဖနွမ်းပင်မြို့မှာရှိတဲ့ ကမ္ဘောဒီးယားမိုင်းရှင်းလင်းရေးဗဟိုဌာန (CMAC)မှာပြုလုပ်တဲ့ အခမ်းအနားတစ်ခုမှာ တရုတ်နိုင်ငံအခြေစိုက် Hopong International ကုမ္ပဏီနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေက ဒရုန်းတွေကိုလွှဲပြောင်းပေးခဲ့တာပါ။ ဒီစမတ်ဒရုန်းနည်းပညာတွေဟာ စစ်ပွဲကျန်စက်ယန္တရားများ၊ မိုင်းကွင်းမိုင်းကျန်များရဲ့အန္တရာယ်ကို ပိုမိုမြန်ဆန်ဘေးကင်းပြီး ထိရောက်စွာရှာဖွေဖော်ထုတ်စစ်ဆေးနိုင်ဖို့ များစွာအထောက်အကူပြုမယ်လို့ CMAC ရဲ့ အထွေထွေညွှန်ကြားရေးမှူးဟန်းရာတာနာကပြောပါတယ်။

ကမ္ဘောဒီးယားနိုင်ငံဟာ ၁၉၉၈ ခုနှစ်မှာ စစ်ပွဲတွေပြီးဆုံးပေမယ့် နှစ်ပေါင်း ၃၀ နီးပါးကြာမြင့်ခဲ့တဲ့ ပဋိပက္ခတွေကြောင့်မြေမြှုပ်မိုင်းနဲ့မပေါက်ကွဲသေးတဲ့ မိုင်းပေါင်း ၄ သန်းကနေ ၆ သန်းကြား ကျန်ရစ်နေခဲ့တာပါ။ ၁၉၇၉ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇွန်လအထိ စာရင်းတွေအရ မိုင်းပေါက်ကွဲမှုများကြောင့် လူ ၁၉၀၀၀ ကျော် သေဆုံးပြီး ၄၅၀၀၀ ကျော်ဟာ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရတဲ့အထိ ဒဏ်ရာရမှုတွေရှိခဲ့ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ တရုတ်နိုင်ငံကဲ့သို့သောနိုင်ငံကြီးမှနည်းပညာအကူအညီရရှိတာဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးမှာ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ဖို့ အားဖြစ်စေတယ်လို့ ကမ္ဘောဒီးယားတာဝန်ရှိသူများကဆိုပါတယ်။ ကမ္ဘောဒီးယားအစိုးရအနေနဲ့လည်း ၂၀၃၀ ပြည့်နှစ် အရောက်မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ မြေမြှုပ်မိုင်းအန္တရာယ်တွေကို အပြီးတိုင်ရှင်းလင်းသွားမယ်ဆိုတဲ့ ရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်တယ်လို့သိရပါတယ်။ **Ref: Xinhua**

# တရုတ်သမ္မတ ရှီကျင့်ဖျင် အိန္ဒိယသို့လာဖွယ်ရှိ

နယူးဒေလီ၊ သံတမန်ရေး

တရုတ်သမ္မတ ရှီကျင့်ဖျင်အနေနဲ့ ၇ နှစ်အတွင်းပထမဆုံးအကြိမ်အဖြစ် အိန္ဒိယနိုင်ငံသို့လာရောက်ဖွယ်ရှိတယ်လို့ သတင်းအရင်းအမြစ်သုံးခုကပြောပါတယ်။ အဓိကအားဖြင့် စက်တင်ဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ အိန္ဒိယမှာကျင်းပမယ့် BRICS အဖွဲ့ရဲ့ထိပ်သီးညီလာခံကို တက်ရောက်နိုင်ဖွယ်ရှိတယ်လို့ သတင်းအရင်းအမြစ်များကဆိုကြတာပါ။

"လက်ရှိ တရုတ်နိုင်ငံဘက်မှတာဝန်ရှိသူတွေက ဟိုတယ်ကိစ္စရပ်များနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အပြီးသတ်လုပ်ဆောင်နေပါတယ်" လို့ ဒီကိစ္စနဲ့ပတ်သက်ပြီးသိရှိတဲ့ အိန္ဒိယနိုင်ငံမှသတင်းအရင်းအမြစ်တစ်ခုကပြောပါတယ်။ ဒီခရီးစဉ်မှာ ရှီကျင့်ဖျင်အနေနဲ့ သာမန်ထက်ပိုတဲ့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကိုလည်း ဦးဆောင်လာမှာဖြစ်တဲ့အတွက် သူ့ရဲ့ခရီးစဉ်ဟာ ညီလာခံတက်ခြင်းထက် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့ဖြစ်တယ်လို့ လေ့လာသူတချို့ကသုံးသပ်ပါတယ်။ **Ref: ST**

# မလေးရှားမှာ ပန်းနာရင်ကျပ်ဖြစ်သူ ၂၅၉ ရာခိုင်နှုန်းမြင့်တက်

ကွာလာလမ်ပူ၊ ကျန်းမာရေး

မလေးရှားနိုင်ငံရှိဒေသအများအပြားမှာ မီးခိုးမြူများကြောင့် ပန်းနာရင်ကျပ်ဖြစ်သူ ၂၅၉ ရာခိုင်နှုန်းအထိမြင့်တက်လာတယ်လို့ ကျန်းမာရေးဝန်ကြီးက ဩဂုတ်လ ၂၄ ရက်မှာပြောပါတယ်။ တာဝန်ရှိသူများရဲ့စောင့်ကြည့်မှုစနစ်အရ ပန်းနာရင်ကျပ်ဖြစ်သူ ၆၁ ဦးမှ ၂၁၉ ဦးအထိမြင့်တက်လာသလို အသက်ရှူလမ်းကြောင်း အထက်ပိုင်းကူးစက်ရောဂါဖြစ်ပွားသူဦးရေကလည်း ၁၂၄ ရာခိုင်နှုန်းအထိ အဆမတန်မြင့်တက်လာပါတယ်။ ဒ့ါအပြင် အပူဒဏ်ကြောင့် ရောဂါရသူစုစုပေါင်း ၉၀ အထိရှိလာတာကြောင့် ပြည်သူတွေအနေနဲ့ ပြင်ပလှုပ်ရှားမှုတွေလျှော့ချပြီး ရေကိုလုံလောက်စွာသောက်ဖို့ တာဝန်ရှိသူများကတိုက်တွန်းထားပါတယ်။ **Ref: ST**

# ထိုင်းတောင်ပိုင်းမှာ တိုက်ခိုက်ခံရတဲ့နေရာ ၇၀ ကျော်ရှိဟုဆို



ဘန်ကောက်၊ တိုက်ခိုက်မှု

ပြီးခဲ့တဲ့သီတင်းပတ်အကုန်မှာတုန်းက ထိုင်းနိုင်ငံတောင်ပိုင်းမှာ အကြမ်းဖက်ပြီး တိုက်ခိုက်ခံရတဲ့နေရာပေါင်း ၇၀ ကျော်အထိရှိတယ်လို့ ထိုင်းတာဝန်ရှိသူများက ဩဂုတ်လ ၂၄ ရက်မှာထုတ်ပြန်ပါတယ်။ အဲဒီတိုက်ခိုက်မှုတွေထဲမှာ မီးရှို့မှုလည်းပါဝင်တဲ့အတွက် ဒီလိုတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူသုံးဦးရှိတယ်လို့ တာဝန်ရှိသူများကပြောပါတယ်။

တိုက်ခိုက်မှုတွေက ထိုင်းတောင်ပိုင်းရှိ ပြည်နယ်လေးခုဖြစ်တဲ့ နာရာသီဝပ်၊ ယာလာ၊ ပတ္တာနီနဲ့ ဆုန်ခလာတို့မှာဖြစ်ခဲ့တာဖြစ်ပြီး တိုက်ခိုက်ခံရတဲ့နေရာစုစုပေါင်း ၇၈ ခုရှိပါတယ်။ တိုက်ခိုက်မှုအများစုက ဩဂုတ်လ ၂၂ ရက်ညပိုင်းမှာဖြစ်ပွားတာဖြစ်ပြီး ဩဂုတ်လ ၂၃ ရက်မှာပါဆက်လက်ဖြစ်ပွားတာဖြစ်ပါတယ်။

တိုက်ခိုက်ခံရမှုအများဆုံးပြည်နယ်က နာရာသီဝပ်ပြည်နယ်ဖြစ်တာကြောင့်တာဝန်ရှိသူများက အဲဒီပြည်နယ်ကို ညမထွက်ရအမိန့်ထုတ်ပြန်ထားပါတယ်။ အခုတိုက်ခိုက်မှုဖြစ်ပွားတဲ့ဒေသတွေဟာ အစိုးရဆီကနေခွဲထွက်ခွင့်တောင်းနေတဲ့ဒေသများဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်ကနေစပြီး အခုချိန်အထိဆိုရင် မလေးရှားနဲ့ထိစပ်နေတဲ့ပြည်နယ်များမှာ အလားတူတိုက်ခိုက်မှုတွေဖြစ်ပွားခဲ့တာကြောင့် လူပေါင်း ၇၈၀၀ ကျော်သေဆုံးထားပါတယ်။ **Ref: ST**


# ယူကရိန်းပဋိပက္ခမှာ ဗြိတိန်နိုင်ငံက ထဲထဲဝင်ဝင်ပါဝင်ပတ်သက်နေတယ်လို့ ရုရှားပြော

မော်စကို၊ လုံခြုံရေး

လက်ရှိဖြစ်ပွားနေတဲ့ ယူကရိန်းပဋိပက္ခမှာ ဗြိတိန်နိုင်ငံက တိုက်ရိုက်ပါဝင်နေရုံသာမက ထဲထဲဝင်ဝင်ပါဝင်နေတာဖြစ်တယ်လို့ ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ကပြောပါတယ်။ ဗြိတိန်နိုင်ငံက ယူကရိန်းအနေနဲ့ တာဝေးပစ်အနိမ့်ပျံဒုံးကျည်များကို ပြည်တွင်းမှာတင်ထုတ်လုပ်နိုင်စေမယ့် လျှို့ဝှက်အချက်အလက်တွေကို ပံ့ပိုးပေးသွားမယ်ဆိုတဲ့အစီအစဉ်ကိုထုတ်ပြန်လာပြီးနောက် ရုရှားဘက်ကအခုလိုမျိုးပြောလာတာပါ။

ဗြိတိန်အစိုးရက Storm Shadow ဒုံးကျည်ကိုမှ ပြင်သစ်နိုင်ငံထုတ်ပုံစံဖြစ်တဲ့ SCALP ဒုံးကျည်အတွက် ဗြိတိန်နိုင်ငံထုတ်အစိတ်အပိုင်းများနဲ့ပတ်သက်ပြီး အချက်အလက်တွေကို ယူကရိန်းအစိုးရဆီထုတ်ပြန်ပေးသွားဖို့ သက်ဆိုင်ရာကာကွယ်ရေးကုမ္ပဏီကိုညွှန်ကြားထားပါတယ်။ အဲဒီဒုံးကျည်အမျိုးအစားက ဝေဟင်ပစ်ဒုံးကျည်ဖြစ်ပြီး ကီလိုမီတာ ၂၅၀ ကျော်အထိသွားနိုင်ပါတယ်။ နည်းပညာကိုတော့ ဗြိတိန်နဲ့ ပြင်သစ်တို့က ပူးတွဲပိုင်ဆိုင်ထားတာပါ။

ဒီလိုအခြေအနေတွေကြောင့် ဗြိတိန်အစိုးရဟာ ယူကရိန်းပဋိပက္ခမှာ ယူကရိန်းအစိုးရဘက်ကနေ တိုက်ရိုက်ပါဝင်လာနေတာကိုပြသနေတာဖြစ်တဲ့အတွက် ရုရှားတပ်မတော်အနေနဲ့ အဲဒီဒုံးကျည်ထုတ်လုပ်မယ့်နေရာတွေကို စုံစမ်းဖော်ထုတ်မှုတွေလုပ်ပြီး တိုက်ခိုက်ဖျက်ဆီးသွားမယ်လို့ ပက်စကော့ကပြောပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ဝန်ကြီးချုပ်အသစ်ကလည်း ရုရှားရဲ့ခြိမ်းခြောက်မှုတွေရှိနေသည့်တိုင် ယူကရိန်းကို ဆက်လက်ထောက်ပံ့ပေးသွားမယ်ဆိုပြီး အခိုင်အမာပြောထားပါတယ်။ **Ref: RT**



# 5G ဟာ သုံးစွဲသူတစ်ဦးချင်းစီအတွက်သာမက Business Transformation အတွက်လည်း အရေးပါတဲ့ နည်းပညာတစ်ခုဖြစ်လာနိုင်ပါတယ်။

**ဦးသန်းလှိုင်(အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)**

နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကို အထောက်အကူပြုနိုင်စေရန်နှင့် ပြည်သူများ အရည်အသွေးပြည့်မီသော အဆင့်မြင့်ဆက်သွယ်ရေးဝန်ဆောင်မှုများရယူအသုံးပြုနိုင်ရန်ရည်ရွယ်ပြီး မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများကို တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



**ဦးသန်းလှိုင်**
**အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**မေး။ ။ MPT အနေနဲ့ 5G ကွန်ရက်နဲ့ ဝန်ဆောင်မှုတွေကို ဘယ်လိုဆက်လက်ဖော်ဆောင်သွားဖို့ စီစဉ်ထားပါသလဲ။ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ 5G အတွေ့အကြုံရရှိစေဖို့ ဘယ်လိုအချက်တွေကို အဓိကထားဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ MPT အနေနဲ့ သုံးစွဲသူတွေရဲ့ လိုအပ်ချက်၊ ကွန်ရက်/ နည်းပညာအဆင်သင့်ဖြစ်မှုနဲ့ ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးမှုတွေကို အခြေခံပြီး 5G နည်းပညာကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းက သုံးစွဲသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ချိတ်ဆက်မှုနဲ့ ဒီဂျစ်တယ်အတွေ့အကြုံတွေ ရရှိစေဖို့အပြင် စီးပွားရေးလုပ်ငန်းတွေနဲ့ အဖွဲ့အစည်းတွေအတွက်လည်း 5G ရဲ့ အားသာချက်တွေကို အသုံးချနိုင်မယ့် အခွင့်အလမ်းတွေပေးအပ်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် MPT အနေနဲ့ 5G ကွန်ရက်ရရှိဖို့ လိုအပ်တဲ့ အဆင့်ဆင့်သောဆောင်ရွက်မှုတွေကို ပြုလုပ်နေပါတယ်။

**မေး။ ။ 5G နည်းပညာက ပြည်သူတွေအတွက်သာမက စီးပွားရေးလုပ်ငန်းတွေအတွက်လည်း အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ SME တွေနဲ့ အခြားလုပ်ငန်းကဏ္ဍတွေအတွက် 5G က ဘယ်လို အထောက်အကူပြုတယ်ဆိုတာလည်း ဖြေကြားပေးပါ။**

ဖြေ။ ။ 5G ဟာ သုံးစွဲသူတစ်ဦးချင်းစီအတွက်သာမက Business Transformation အတွက်လည်း အရေးပါတဲ့ နည်းပညာတစ်ခုဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် IoT ၊ Smart Operations ၊ Cloud Services၊ Remote Monitoring နဲ့ Real-time Data Applications တွေမှာ 5G ကို အသုံးချနိုင်တဲ့အခွင့်အလမ်းတွေရှိပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်။

**ဒေါ်ခင်နုယဉ်ထွန်း**
**Senior Vice President, Head of Corporate Communications & Sponsorship**
**ATOM Myanmar Limited**

**မေး။ ။ 5G သုံးဖို့ဆိုရင် SIM Card အသစ်လဲဖို့ လိုအပ်ပါသလား၊ 5G Support ဖြစ်တဲ့ handset တွေမှာပဲ သုံးလို့ရမှာလားဆိုတာ သိပါရစေ။**



ဖြေ။ ။ 5G ကွန်ရက် အသုံးပြုဖို့ဆိုရင် 5G Support ဖြစ်တဲ့ smartphone/device တွေလိုအပ်ပါမယ်။ Sim Card အပိုင်းမှာတော့ သုံးစွဲသူတွေအဆင်ပြေအောင်နဂို Sim Card နဲ့ပဲ ဆက်အသုံးပြုနိုင်ဖို့ အက်တမ် (ATOM) အနေနဲ့ နည်းပညာပိုင်းအရ စီစဉ်ထားပါတယ်။

**မေး။ ။ အက်တမ် (ATOM) အနေနဲ့ 5G ကွန်ရက် မိတ်ဆက်ပြီးသွားတဲ့အချိန်မှာ ဘယ်လိုမျိုး အခန်းကဏ္ဍ၊ နယ်ပယ်တွေမှာ ပံ့ပိုးကူညီမှုတွေဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ အက်တမ်(ATOM) အနေနဲ့ 5G ကွန်ရက်ကို ဆက်သွယ်ရေးကွန်ရက်တစ်ခုဆိုတာထက် မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အနာဂတ်ကို ပိုမိုတိုးတက်လာစေဖို့အထောက်အကူပြုနိုင်တဲ့ အဓိကအခြေခံအဆောက်အအုံတစ်ခုအဖြစ် ဖန်တီးတည်ဆောက်နေပါတယ်။ ATOM အနေနဲ့လည်း 5G နဲ့ ပတ်သက်တဲ့ Awareness/ Knowledge Sharing Sessions/ 5G ရဲ့ အကျိုးကျေးဇူးတွေကို ပြည်သူတွေအတွက် အသိပညာပေးအစီအစဉ်တွေကတစ်ဆင့် ဆောင်ရွက်ပေးသွားဖို့လည်းရှိပါတယ်။ အဓိကအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ဒီဂျစ်တယ်ဝန်ဆောင်မှုများ အစရှိတဲ့နယ်ပယ်တွေမှာ နည်းပညာအသုံးချနိုင်မှုတွေ ပိုမိုအားကောင်းလာစေဖို့ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။

**ဒေါ်ယဉ်သူသူအောင်**
**Corporate Communications Senior Manager၊ U9 Myanmar**

**မေး။ ။ မြန်မာနိုင်ငံမှာ 5G က အမှန်တကယ် အသုံးဝင်လာဖို့ ဘာတွေလိုအပ်ပါသလဲ။**

ဖြေ။ ။ 5G ကို အမှန်တကယ်အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် 5G အသုံးပြုနိုင်တဲ့ ဖုန်းတွေလုံလောက်စွာရရှိနိုင်ဖို့၊ သုံးစွဲသူတွေအတွက် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝန်ဆောင်မှုတွေရရှိနိုင်ဖို့၊ 5G ရဲ့ စွမ်းဆောင်ရည်တွေကို အမှန်တကယ်အသုံးချနိုင်တဲ့ဝန်ဆောင်မှုတွေနဲ့ Application တွေရှိလာဖို့ လိုအပ်ပါတယ်။ U9 အနေနဲ့ 5G ကို အင်တာနက်ပိုမြန်ရုံအတွက်သာမဟုတ်ဘဲ သုံးစွဲသူတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လူမှုအသိုင်းအဝိုင်းတွေအတွက် အတွေ့အကြုံအသစ်တွေနဲ့ အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်မယ့် နည်းပညာတစ်ခုအနေနဲ့မြင်ပါတယ်။ ဒါကြောင့် U9 ရဲ့ အနာဂတ် 5G Rollout မှာ Home Broadband နဲ့ Business Connectivity လို နယ်ပယ်တွေမှာ 5G က Value Added လုပ်ပေးနိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ထည့်သွင်းစဉ်းစားနေပါတယ်။



**မေး။ ။ 5G Spectrum နဲ့ ပတ်သက်ပြီး U9 က ဝန်ကြီးဌာနနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ U9 အနေနဲ့ Network ပိုမိုကောင်းမွန်တိုးတက်ရေးနဲ့ သက်ဆိုင်တဲ့ Spectrum အပါအဝင် တခြားကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး PTD အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဆက်လက်ဆွေးနွေးပူးပေါင်းဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာလုပ်ငန်းစဉ်တွေပြီးစီးပြီး အသေးစိတ်အချက်အလက်တွေကို တရားဝင်ထုတ်ပြန်နိုင်တဲ့အချိန်မှာ U9 ရဲ့ 5G Plan နဲ့ပတ်သက်တဲ့အချက်အလက်တွေကို ဆက်လက်မျှဝေပေးသွားမှာဖြစ်ပါတယ်။

5G ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အထောက်အကူပြုဖို့ ဝန်ကြီးဌာနရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို U9 အနေနဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ U9 ဟာ မြန်မာနိုင်ငံရဲ့ မိုဘိုင်းနည်းပညာဖွံ့ဖြိုးတိုးတက်မှုခရီးစဉ်မှာအစကတည်းက ပါဝင်လာခဲ့ပြီး 5G ကလည်း U9 ရဲ့ နောက်ထပ်တစ်ဆင့် ဆက်လက်လျှောက်လှမ်းမယ့် ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ လက်ရှိသုံးစွဲသူတွေအတွက် Network အတွေ့အကြုံကို ဆက်လက်ကောင်းမွန်အောင် လုပ်ဆောင်ရင်း 5G အတွက်လည်း ပြင်ဆင်နေတာဖြစ်ပါတယ်။

**ဒေါ်ခင်သူဇာကျော်**
**Head of Regulatory ၊ Telecom International Myanmar Co.,Ltd (Mytel)**

**မေး။ ။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ 5G ဝန်ဆောင်မှုတွေကို ဖြန့်ကြက်တပ်ဆင်ဖို့ Mytel ရဲ့ အစီအစဉ်တွေကို သိပါရစေ။**



ဖြေ။ ။ Mytel အနေနဲ့ သုံးစွဲသူပြည်သူတွေရဲ့ လိုအပ်ချက်၊ ကွန်ရက်အဆင်သင့်ဖြစ်မှု၊ လှိုင်းနှုန်းစဉ်ရရှိနိုင်မှုနဲ့ အခြေခံအဆောက်အအုံအခြေအနေတွေ အပေါ်မူတည်ပြီး မြန်မာနိုင်ငံတစ်ဝန်း 5G ကွန်ရက်ကို အဆင့်ဆင့် တိုးချဲ့သွားဖို့ စီစဉ်ထားပါတယ်။ ဦးစွာပထမ တစ်နိုင်ငံလုံး ကွန်ရက်မချဲ့ထွင်မီ အဓိကမြို့ကြီးတွေဖြစ်တဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ သုံးစွဲမှုလိုအပ်ချက်မြင့်မားတဲ့နေရာတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ချဲ့ထွင်သွားမှာ ဖြစ်ပါတယ်။ Mytel ရဲ့ရည်မှန်းချက်ကတော့ ရေရှည်တည်တံ့ပြီး ထိရောက်မှုရှိတဲ့ကွန်ရက်ရင်းနှီးမြှုပ်နှံမှုသာမက အစိုးရဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ သုံးစွဲသူပြည်သူတွေထံ ယုံကြည်စိတ်ချရပြီး အရည်အသွေးမြင့်မားတဲ့ 5G အတွေ့အကြုံကို ပေးအပ်လိုပါတယ်။

**မေး။ ။ လက်ရှိ 4G ဝန်ဆောင်မှုတွေနဲ့နှိုင်းယှဉ်ရင် Mytel ရဲ့ 5G ဝန်ဆောင်မှုကနေ သုံးစွဲသူတွေ ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ 5G ဟာဆိုရင် 4G ထက် သိသာမြန်ဆန်တဲ့ ဒေတာအမြန်နှုန်း၊ ပိုမိုလျင်မြန်တဲ့တုံ့ပြန်မှု (lower latency)နဲ့ ပိုမိုကြီးမားတဲ့ ကွန်ရက်စွမ်းရည်တို့ကို ဆောင်ကြဉ်းပေးမှာဖြစ်ပါတယ်။ 5G ရဲ့ အားသာချက်တွေကတော့ ရုပ်ထွက်ပိုမိုကောင်းမွန်ကြည်လင်ပြတ်သားတဲ့ ဗီဒီယိုတွေကို ထစ်ငေါ့ခြင်းမရှိဘဲကြည့်ရှုနိုင်ခြင်း (HD video streaming)၊ အွန်လိုင်းဂိမ်းဆော့ရာမှာ ပိုမိုကောင်းမွန်မြန်ဆန်လာစေခြင်း၊ online အစည်းအဝေးတွေ ရုပ်သံပိုမိုကြည်လင်ပြတ်သားခြင်း၊ cloud ဝန်ဆောင်မှုတွေနဲ့ တခြားသောဒေတာအမြောက်အမြားအသုံးပြုရတဲ့ လုပ်ဆောင်ချက်တွေမှာ ပိုမိုချောမွေ့မြန်ဆန်တဲ့အတွေ့အကြုံကို ရရှိစေမှာဖြစ်ပါတယ်။ ဒါ့အပြင် ပိုအရေးကြီးတဲ့အချက်အနေနဲ့ 5G က ပိုမိုမြန်ဆန်ပြီး ချက်ချင်းတုံ့ပြန်မှုရှိတဲ့ ချိတ်ဆက်မှုလိုအပ်တဲ့ ဒီဂျစ်တယ်ဝန်ဆောင်မှုတွေနဲ့ အက်ပလီကေးရှင်းအသစ်တွေအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ဂျေမီ

## မိုးကြီးမည်

၂၄-၈-၂၀၂၆

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

**မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

**➜ ပိုက်ကျော်ခြင်းမှ**

ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယနေ့တွင် အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသား(၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး(၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၂၅ ရက်**(ယနေ့)**တွင်အမျိုးသား(၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်(နောက်ဆုံး) ပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ၊ အမျိုးသမီး(၂)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်(နောက်ဆုံး) ပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်လှိုင်သန်းနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်မြို့မရဲစခန်းမှဒုတိယရဲအုပ်အောင်ကျော်မျိုးနှင့်အဖွဲ့သည်လည်းကောင်း၊ လမ်းမတော်မြို့နယ်နှင့် ကမာရွတ်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မှုခင်းအသိပညာပေးဆွေးနွေးပွဲပြုလုပ်ခြင်း၊ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးသီဟကျော်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ သာကေတမြို့နယ် ရဲစခန်းမှူးရဲအုပ်ဇော်ဝင်းနှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဒလမြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ချစ်ကိုကိုနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှဒုတိယရဲအုပ်ကျော်မင်းခိုင်ဦးစီးအဖွဲ့သည်လည်းကောင်း ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်းနှင့် ညဉ့်နက်ပိုင်း စက်ဘီးကင်းလှည့်ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်သူ**

# ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ တာတမံနိမ့်ကျနေမှုနေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိဝန်တာတွင် ဝန်မြစ်ရေတိုက်စားမှုကြောင့်ဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့်နေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေသည့်အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြစ်ရေစီးကျော်ဝင်သည့်နေရာတွင် Stand Pipe ရိုက်၍ ကာရံခြင်းများဆောင်ရွက်နေသည့် လုပ်ငန်းခွင်၌ နိမ့်ကျတာ၏ တစ်ဖက်စီမှ နှစ်ဖက်ပြိုင်တူ Stand Pipe များ ဆက်လက်ရိုက်နိုင်ရန်အတွက် စက်၊ ယာဉ်/ ယန္တရားများဖြစ်သည့် ကရိန်းများ၊ တွန်းသင်္ဘောနှင့် Barge တွဲစသည်တို့ကို နေရာချထားမှု၊ တာတမံကာရံပိတ်ဆို့ရန်အတွက် ကရိန်းများဖြင့် သဲအိတ်များချခြင်း၊ ရိုက်သွင်းထားပြီးဖြစ်သည့် Stand Pipe များ ပိုမိုခိုင်ခံ့စေရန် H beam 400 mm x 400 mm များဖြင့် ကျားကန်/ ဒေါက်ကန်၍ အားဖြည့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Barge တွဲများပေါ်တွင် Steel Sheet Pile နှင့် Stand Pipe များ Welding တွဲဆက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Split Barge သောင်တူးသင်္ဘောရောက်ရှိမှုနှင့် Stand Pipe ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး Steel Sheet Pile နှင့် Stand Pipe များရိုက်သွင်းခြင်းလုပ်ငန်းများကိုအရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်နှင့် လုပ်ငန်းများအချိန်တိုအတွင်းပြီးစီးရေး တွန်းအားပေးဆောင်ရွက်ကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဗိုလ်မြတ်ထွန်းတံတားရှိ တောင်တန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိလမ်း၊ တံတားကွန်ရက်များအခြေအနေကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးများသောဒေသဖြစ်သည့်အတွက် မိုးရာသီတွင် လမ်းပေါ်ရေများမတင်စေရေး ဆောင်ရွက်သွားရန်၊ လမ်းဘေးရေမြောင်းများရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်သွားရန်နှင့် လမ်းဘေး ဝဲ/ ယာတွင် ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် အမှတ်(၃)လမ်းဆုံတိုးဂိတ်နှင့်ရန်ကုန် – မန္တလေးအမြန်လမ်းမကြီး ၁၁၅ မိုင် (ဖြူး)တိုးဂိတ်၊ နေပြည်တော်စီလမ်းဆုံတိုးဂိတ်တို့တွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာနေမှု၊ လမ်းအသုံးပြုခကောက်ခံရရှိမှု၊ တိုးဂိတ်အဆောက်အအုံ၊ CCTV အခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကောက်ခံရရှိမှု စာရင်းဇယားများကို မှန်ကန်မှုရှိစေရေး၊ သတ်မှတ်တန်ချိန်များအတိုင်း သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

**➧ ကျောဖုံးမှအဆက်**

တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်တွင် အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်နေ စိုးအောင်နိုင်(၄၀)နှစ်နှင့်ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကွက်သစ်နေ မစန်းစန်းဝင်း(ခ)စန်းသော်တာ(၄၅)နှစ်တို့ ၂ ဦးထံမှ ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလို(တစ်ကီလိုလျှင်ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၃ ဒသမ ၅ သိန်း)နှင့် TOYOTA COROLLA မော်တော်ယာဉ် ၁ စီး၊ HONDA CLICK ဆိုင်ကယ် ၁ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်တွင် ဖမ်းဆီးရမိ ဘိန်းဖြူများ ရောင်းချပေးသူ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ မြထူး(၃၀)နှစ်အား ဘိန်းဆီခဲ ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၅ သိန်း) နှင့် CLICK ဆိုင်ကယ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

၎င်း၏ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ တည်းခိုခန်းတွင် ဖယ်ခုံမြို့နယ်၊ ပီကင်းရွာနေ အီညားရှို့(၃၉)နှစ်နှင့် ဖယ်ခုံမြို့နယ်၊ စလင်းမိုင်းငံရွာနေ အန်တောမြို့(၂၉)နှစ်တို့ကို TOYOTA HILUX SURF မော်တော်ယာဉ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်ရှိ နေအိမ်မှ ဘိန်းဖြူ ၁၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၇၅၀)၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၄၉၀)၊ ဘိန်းစိမ်း ၄၈ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၈၀)နှင့် ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၇၅ သိန်း) သိမ်းဆည်းရမိသဖြင့် စိုးအောင်နိုင်၊ မစန်းစန်းဝင်း (ခ) စန်းသော်တာ၊ မြထူး၊ အီညားရှို့နှင့် အန်တောမြို့တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဩဂုတ်လ ၂၂ ရက် ည ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဆရာစံလမ်းတွင် ကာလိမြို့၊ အမှတ်(၅)ရပ်ကွက်နေ စိုင်းဟန်လှိုင်း(၃၁)နှစ် မောင်းနှင်လာသော SUZUKI ERTIGA အမျိုးအစား မော်တော်ယာဉ်အားရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀၀)၊ အက်တက်စီဆေးပြား ၁၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀၀)၊ HAPPY WATER ၅ ဒသမ ၇၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့်၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၄၅၀)နှင့် HAPPY WATER ပါရှိသည့် VAPE ခေါင်း ၂၅၀ ခု(တစ်ခုလျှင် ငွေကျပ် ၁ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀)ကိုဖမ်းဆီးရမိသဖြင့် စိုင်းဟန်လှိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြဝတီ**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးအပ်

ပုသိမ် ဩဂုတ် ၂၄

ကုမ္ပဏီများနှင့် ချောင်းသာဟိုတယ်ဇုန်တို့မှ အလှူရှင်များနှင့် စေတနာရှင်အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနဧည့်ရိပ်သာ၌ လာရောက်လှူဒါန်းသည်။



ဦးစွာ ရွှေမဟာစံကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိလူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၅၀၊ ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်(Gold Delta Co., Ltd)က အလှူငွေကျပ်သိန်း ၁၀၀၀၊ Than Thar ထရေးဒင်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားအုန်းဆီ ၅၀ ကျပ်သားဘူး ၅၀၀၀၊ ချောင်းသာဟိုတယ်ဇုန်မှ အလှူရှင်များက ငွေကျပ် ၁၈၂ သိန်း ၅ သောင်းတန်ဖိုးရှိလူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ် ၁၂၆ သိန်း၊ ရေကြည်မြို့နယ် အသုတ်မြို့ ရွှေစပါးမြန်မာကုမ္ပဏီလီမိတက်က မီးစက်တစ်လုံးလျှင် ငွေကျပ် ၃၆ သိန်းတန်ဖိုးရှိမီးစက်၃ လုံးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟသ်ာတမြို့နယ်ကညင်ငူကျေးရွာအုပ်စု အုတ်ပုံကျေးရွာ ရတနာသီရိပုညကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ရေကျဆင်းပြီးနောက်ပိုင်းပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးတို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားကာ ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှု မဖြစ်စေရေး၊ မြွေအန္တရာယ်ကာကွယ်ရေးနှင့် တုပ်ကွေးကာကွယ်ဆေးနှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးမည့်အစီအစဉ်များကို အသိပညာပေးဟောပြော၍ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဟသ်ာတမြို့နယ်ကညင်ငူကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ဟသ်ာတခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣစ္ဆာသယကျောင်းတိုက်၌ ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများစုဆောင်းထားရှိမှု၊ ရေဘေးရှောင်စခန်းများနှင့် ပြည်သူများထံ ဖြန့်ဖြူးပေးမှုနှင့် တိုင်းရင်းဆေးခန်းဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စစ်ကုန်းကျေးရွာ ကွပ်ကဲရေးရုံး၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ တလုတ္တော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာများနှင့် စားသောက်ဖွယ်ရာများ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လသာမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သန့်ရှင်းရေးသုံး ပစ္စည်းများနှင့်သင်ထောက်ကူပစ္စည်းများပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ပါဝင်ယှဉ်ပြိုင်ရန် အဆိုပြုတင်ပြလာသည့် အထက်တန်းအဆင့်ကျောင်း ၁၅ ကျောင်း၊ အလယ်တန်းအဆင့်ကျောင်း ၁၄ ကျောင်းနှင့် မူလတန်းအဆင့်ကျောင်း ၁၂ ကျောင်း စုစုပေါင်း ၄၁ ကျောင်း၏တာဝန်ရှိသူများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူက သန့်ရှင်းရေးသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ကြောင်းသိရသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမဆောင်၌ကျင်းပသည့်ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ပါဝင်ယှဉ်ပြိုင်နိုင်ရေးအခမ်းအနားတွင် အခြေခံပညာကျောင်းများအား ပတ်ဝန်းကျင်ဘာသာရပ်ဆိုင်ရာ ဆင့်ပွားသင်တန်းပေးခြင်း၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့်သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု ပါဝင်ယှဉ်ပြိုင်နိုင်ရေး ပတ်ဝန်းကျင်ဘာသာရပ်ဆိုင်ရာ ဆင့်ပွားသင်တန်းတွင် နည်းပြများက သင်တန်းသား၊ သင်တန်းသူ ၈၂ဦးကို တစ်ရက်တာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးနှင့် ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဘားအံ ဩဂုတ် ၂၄**

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကရင်ရိုးရာဒုံးအကပြိုင်ပွဲ၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ လှေလှော်ပြိုင်ပွဲ၊ စက်ဘီးစီးပြိုင်ပွဲ၊ ဈေးရောင်းပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ MSMEထုတ်ကုန်ပြပွဲများ၊ One village One product ပြခန်းများ၊ သစ်သီးဝလံပန်းမန်ပြခန်းများ၊ အထိမ်းအမှတ်အားကစားပြိုင်ပွဲများနှင့် အခြေခံအဆောက်အအုံဖွင့်ပွဲများ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်ချီးမြှင့်ပေးအပ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကျင်းပရေးစီမံခန့်ခွဲမှုဦးစီးကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးမှသိရသည်။

အဆိုပါအစည်းအဝေးကိုယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပခဲ့ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးကအမှာစကားပြောကြား၍ ပြည်နယ်ဝန်ကြီးများက နိုဝင်ဘာလ ၇ ရက်တွင်ကျရောက်မည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍အထောက်အကူပြုလုပ်ငန်းကော်မတီအတွင်းရေးမှူးများက အခမ်းအနားပြင်ဆင်ရေး၊ဖိတ်ကြားရေး၊အားကစားနှင့်ပျော်ပွဲရွှင်ပွဲများကျင်းပရေး၊ ကရင်ရိုးရာဒုံးအကအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ဈေးဆိုင်ခန်းများ နေရာချထားရေး၊ ပြခန်းများ ခင်းကျင်းပြသရေး၊ ဆုများပေးအပ်ချီးမြှင့်ရေး၊ ပြည်နယ်နေ့အထိမ်းအမှတ် ပို့စကတ်၊ ပြက္ခဒိန်၊ မဂ္ဂဇင်းများထုတ်ဝေနိုင်ရေး၊ မှတ်တမ်းများထိန်းသိမ်းထားရှိရေး၊ ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်နိုင်ရေး ဆွေးနွေးတင်ပြကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ခရိုင်များအလိုက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ခင်းကျင်းပြသနိုင်ရေး၊ ဒုံးအကအဖွဲ့များနှင့် အားကစားသမားများ စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ထုပ်ပိုးမှုပုံစံ အရည်အသွေးပြည့်ဝစေရေး၊ တိရစ္ဆာန်အစာများ အရေအတွက်များများ ထုတ်လုပ်ဆောင်ရွက်ရန်လို



**မုံရွာ ဩဂုတ် ၂၄**

မုံရွာစက်မှုဇုန်၌ "AK" တိရစ္ဆာန်အစာစက်ရုံမှ တစ်ရက်လျှင် ၅၀ Kg အိတ် ၃၀၀ ကြိတ်ခွဲထုတ်လုပ်နေပြီး တိရစ္ဆာန်အစာအမျိုးမျိုးကြိတ်ခွဲထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေးပြီး တိရစ္ဆာန်အစာကုန်ကြမ်းများ အရည်အသွေးကောင်းရေး၊ ဈေးနှုန်းသင့်တင့်စွာဖြင့် မွေးမြူရေးလုပ်ငန်းရှင်များ ဝယ်ယူအသုံးပြုနိုင်ရေး၊ ထုပ်ပိုးမှုပုံစံအရည်အသွေးပြည့်ဝစေရေး၊ တိရစ္ဆာန်အစာများ အရေအတွက်များများထုတ်လုပ်သွားရေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့အား တာဝန်ရှိသူများကိုမှာကြားကာ လိုက်လံရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဦးဝင်း ဆိတ်/သိုးမွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိပြည်သူများ အသားနှင့်ဥများ ဖူလုံပြည့်ဝစွာ စားသုံးနိုင်စေရန်အတွက် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တိရစ္ဆာန်များတိုးချဲ့မွေးမြူထုတ်လုပ်ရေး၊ တိရစ္ဆာန်အစာများအား အရည်အသွေးပြည့်မီစွာ စနစ်တကျရောစပ်ကျွေးမွေးရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူရေးနှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းရှင်များအတွက် တိရစ္ဆာန်များတိုးချဲ့မွေးမြူနိုင်ရေးအတွက် ချေးငွေများရရှိအောင် ဆောင်ရွက်ပေးသွားရေး၊ တိရစ္ဆာန်များတင်ပို့ရောင်းချရာတွင် လမ်းခရီးအဆင်ပြေမှုများရှိအောင် ဆောင်ရွက်ပေးသွားရေးတို့အား သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ခင်က ဒီလောက်တောင်ဖြစ်နေရင်လည်း ဘယ်တတ်နိုင်မလဲ"

"မတတ်နိုင်ပါဘူး ဟုတ်ပါတယ်၊ ရှင်က တတ်နိုင်လည်း ကျွန်မက အကွာကြီးပါ"

"ဒီလောက်မပြောပါနဲ့ အစ်မရယ်၊ အစကလည်း အစ်မကို ကျုပ်ကပြောရတာက တော်တော်ပါ၊ အစ်မဘာသာ အစ်မခင်ပွန်းကို စိတ်ကောက်ပြီး ထွက်လာတာပါ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"ဒါနဲ့ စကားစပ်မိလို့ ပြောရဦးမယ်၊ ကိုထွန်းမြတ်ကို ခင်က သက်သက်အထင်လွဲတာ၊ ဟုတ်တာမဟုတ်ဘူး"

"ဘာပြောတယ်"

"မိမိရီနဲ့ ကိုထွန်းမြတ်ပြောတယ်"

"ဘာဖြစ်သလဲ ဒါ"

"ဩော် . . . သူတို့နှစ်ယောက်ကို ခင်က အထင်လွဲတဲ့အကြောင်းပြောတယ်၊ သူတို့က ဘာမှဟုတ်ကြတာမဟုတ်ဘူး၊ သူတို့ကိစ္စနဲ့သူတို့ပြောကြတာ"

"ဘာကိစ္စလဲ"

"မိမိရီမောင် လူသတ်မှုအကြောင်း ထင်ပါရဲ့"

"ရှင်က ဘာပြုလို့သိရသလဲ"

"ကျုပ်က သူတို့ပြောတာကြားလို့ပေါ့"

"ကြည့်စမ်း၊ ဟိုတုန်းကတော့ ရှင်က တစ်မျိုးပါကလား"

"ဒါတော့ ကိုယ်လိုရာ ကိုယ်ဆွဲပြောရတာပေါ့"ဟု ပြောလျှင် ခင်စိန်ကြည်သည် တစ်စုံတစ်ရာမျှမပြောဘဲ မှိုင်လျက်နေလေ၏။ ယင်းနောက် မောင်သက်ညွန့်က ပုခက်ရှိရာသို့ လက်ညှိုးညွှန်ပြီးလျှင် -

"ဒီပစ္စည်းကလေး ဘယ့်နှယ်နာမည်မှည့်ထားသလဲ"

"ဘယ့်နှယ်မှ မမှည့်ရသေးဘူး"

"ဘယ်သူနဲ့တူသလဲ"

"ကျုပ်နဲ့တူရင်တော့ ချောမှာပေါ့"

"ရှင်နဲ့များ စိတ်သဘောတူလျှင်တော့ သေပါစေ ဆုတောင်းချလိုက်မှာပဲ"

"ဒီပြင်များ ဘာပြောစရာရှိသေးသလဲ၊ လာလာမစနဲ့ ခင်ရဲ့၊ ဒီကသာပြီး ရွဲ့ပြောနိုင်သေးတယ် ခင်မသိဘူးလား"

"သိပါပြီရှင် သိပါပြီ၊ ကဲ . . . ရှင်နဲ့ ကျွန်မနဲ့ကိစ္စပြီးကြပြီ၊ ဒီအိမ်ကို ကျွန်မနာမည်နဲ့ငှားထားတာ ပေးစရာရှိ ကျွန်မပေးရမယ်၊ ရှင်နဲ့ဘာမျှမဆိုင်ဘူး သွားပေတော့"ဟု ပြောပြီးလျှင် စားပွဲအံဆွဲမှ ငွေစက္ကူများကိုယူ၍ "တစ်နေ့က ရှင် ငွေ ၁၀၀ ပို့လိုက်တယ်မဟုတ်လား၊ ရော့ ဟောဒီမှာ စေ့ရဲ့လား ရေကြည့်"

"ဘာပြုလို့လဲ"

"ရှင်နဲ့ ကျွန်မနဲ့ ဘာမျှမစပ်ယှက်ဘူး၊ ကဲလေ ယူပါ"

"ခင်က တစ်ယောက်နဲ့တစ်ယောက် လုံးလုံးဖြတ်စေချင်ပြီဆိုရင် ဖြတ်ကြတာပေါ့၊ ဖြတ်တာလည်း ခပ်ကောင်းကောင်းပါပဲ၊ အတူနေလို့လည်း တည့်ပုံမရပါဘူး၊ သို့သော် ခင့်အလိုနော် ဒီကအလိုမဟုတ်ဘူး၊ ကဲ . . . ဒါဖြင့် ခင်တို့သားအမိနှစ်ယောက် တစ်လဘယ်လောက်ရရင် စားလောက်မလဲ၊ တစ်လကို . . ."

"တော်ပြီ၊ ရှင် နောက်ထပ်မပြောနဲ့တော့၊ ကျွန်မကို ရှင်ကဘာမှတ်သလဲ"

"ဘာမှတ်ရမလဲ ခင်ရဲ့၊ နို့ ဘာစားနေကြမလဲ"

"ဘာပဲစားစား ရှင့်အပူမဟုတ်ဘူး၊ နောက်ဆုံး ဘယ်လိုနည်းနဲ့မှ ကြံလို့ဖန်လို့မရဘူးဆိုရင် ကျွန်မခင်ပွန်းဆီက ငွေတောင်းရင်သာ တောင်းမယ်၊ ရှင့်ဆီက ပိုက်ဆံ ကျွန်မမယူဘူး၊ ကဲ ဒီလောက်ပြောရင် ရှင်သိဖို့ကောင်းပြီ"

"ဘယ်သူ့ဆီက၊ ခင့်ခင်ပွန်းဆီက၊ ခင့်ခင်ပွန်းဘယ်သူလဲ"ဟု မောင်သက်ညွန့်က လှောင်ပြောင်၍ မေးလေလျှင် ခင်စိန်ကြည်သည် မျက်နှာပျက်၍ "ကျွန်မ အရင်ခင်ပွန်း ကိုထွန်းမြတ်ကိုပြောတာပါ၊ ရှင်ကများ ပြောရသေးသလားရှင်"

"ဒါဖြင့် ခင့်အတွက် မလိုချင်ရင် ကလေးအတွက်ပေးရမှာပေါ့၊ ကလေးတော့ ကိုယ့်တာဝန်ဖြစ်ပေတာကိုး"ဟုပြောလျှင် ခင်စိန်ကြည်သည် ထိုင်ရာမှထ၍ မောင်သက်ညွန့်၏မျက်နှာအနီးတွင် လက်ခုပ်တီးလျက် "ရှင့်ဆီကလို့ဆိုရင် တစ်ပြားတစ်ချပ်မှ ကျွန်မမယူဘူး၊ ပို့ဝံ့ရင်ပို့စမ်း အကုန်အိမ်သာထဲချပစ်မယ်၊ ကျွန်မကို ရှင်က ဘာမှတ်နေသလဲ၊ ဘယ့်နှယ်မိန်းမစားမှတ်သလဲ၊ ရှင်က ရှင်ဖျက်ဆီးလို့ ကျွန်မပျက်စီးရပေမယ့် ကျွန်မက စစ်ကဲကြီးဦးထင်ကျော်ရဲ့သမီးရှင့်"

"ဒါတော့ ခင်က ခင့်ကိုယ်ခင် ဖျက်တာပါ ခင်ရယ်၊ ဒီက ဖျက်တာက တော်တော်ပါ"

"သိပါတယ်၊ သိပါတယ်၊ ရှင်မပြောပါနဲ့တော့ သွားပါတော့"

"ဒါဖြင့် ခင်က ဒီလောက်တင်းရင် ဘယ်တတ်နိုင်မလဲ၊ နောက် စိတ်သဘောများပြောင်းလို့ရှိရင် စာရေးလိုက်နော်"

"မထင်ပါနဲ့ရှင် တော်ပါတော့"

"ဒါဖြင့် ဒီကနေ့ကစပြီး တစ်ယောက်နဲ့တစ်ယောက် ရန်သူကြီးပေါ့လေ"

"ဒီကနေ့ကစပြီး သူစိမ်းပဲ"

မောင်သက်ညွန့်လည်း လက်ဆွဲသားရေအိတ်ကိုဆွဲလျက်ဆင်းသွား၍ အစေခံအမျိုးသမီးနှင့် အိမ်အောက်တွင်တွေ့လျှင် ၎င်းအား လခငွေတစ်နှစ်အတွက်နှင့် အိမ်ရှင်ကိုလည်း တစ်နှစ်အတွက် အိမ်လခပေးပြီးလျှင် ကိစ္စချောချောမောမောပြီးစီးပေပြီဟု ဝမ်းမြောက်ဝမ်းသာနှင့် သင်္ဘောသို့ဆင်း၍ အိပ်လေ၏။

ခင်စိန်ကြည်မှာမူ ပြတင်းပေါက်အနီးကုလားထိုင်ပေါ်တွင် ထိုင်လျက် မိမိခင်ပွန်းကို အထင်မှားလေသည့်အတွက် လက်စားချေရုံမျှရှိစေတော့ဟု သားသမီးနှင့်ခင်ပွန်းတို့ကိုစွန့်ပစ်ခဲ့၍ သူတစ်ပါးကဲ့ရဲ့ ပြစ်တင်မည်ကိုမျှ စိုးရိမ်ခြင်းမရှိနိုင်ဘဲထွက်လာခဲ့မိရာ ယခုမှာမူ ဆွေမရှိ၊ မျိုးမရှိ၊ အမိမရှိ၊ အဖမရှိ မိတ်ဆွေကောင်းဟူ၍လည်း တစ်ယောက်မျှမရှိသည့်အပြင် ပိုက်ဆံကြေးငွေလည်းမရှိသဖြင့် မိမိအတွက် ကလေးတစ်ဖက်နှင့် ရှာကြံ၍ စားရမည်ကဲ့သို့ဖြစ်လေတော့သည်ဟု စဉ်းစားစိတ်ကူးလျက် မောင်ထွန်းမြတ်သည် အကယ်၍ပင် မိမိထင်သည့်အတိုင်း မှန်စေကာမူ မောင်သက်ညွန့်နှင့်ကား မနှိုင်းယှဉ်လောက်အောင် ကွာလေသေးတော့သည်ဟု မိမိပြုခဲ့မိသမျှကို နောင်တကြီးရ၍ သားသမီးတို့ကိုလည်း လွမ်းဆွတ်လှသဖြင့် မျက်ရည်ကျလျက်နေလေ၏။

မောင်သက်ညွန့်ကလည်း မိမိရီနှင့် မောင်ထွန်းမြတ်တို့သည် မည်သို့မျှမရှိကြောင်းကိုပြောသွားရာ၌ ခင်စိန်ကြည်အား စိတ်မချမ်းသာစေရန်သာလျှင် ပြော၍ သွားလေသလော သို့တည်းမဟုတ် အမှန်ပင်ဖြစ်လေသလော၊ အကယ်၍ မောင်သက်ညွန့်ပြောသည့်အတိုင်း မည်သို့မျှမရှိဘဲလျက် မိမိအထင်လွဲလေသည် မှန်ခဲ့ပါလျှင် အမှားကြီးမှားလေစွ၊ မိုက်လေစွဟုအောက်မေ့၍ မိမိယခုနေထိုင်ရခြင်းသည် အိပ်မက်မက်သည်သာဖြစ်၍ အိပ်ရာမှနိုးလျက် မောင်ထွန်းမြတ်နှင့်အတူ နေထိုင်လျက်ရှိသည်ကိုတွေ့ရလျှင် အလွန်တရာကောင်းလေစွ စသည်ဖြင့် မဖြစ်နိုင်သည်ကို ဆုတောင်းလျက်ရှိလေ၏။

ခင်စိန်ကြည်သည် ဤသို့ကုလားထိုင်ပေါ်တွင်ထိုင်လျက် ပြတင်းပေါက်ပေါ်သို့ တံတောင်နှစ်ဖက်ဖြင့်ထောက်၍ မျက်နှာကိုလက်နှစ်ဖက်ဖြင့်အုပ်ပြီးလျှင် မျက်ရည်အသွယ်သွယ်ကျလျက် သန်းခေါင်ကျော်သည့်တိုင်အောင် စဉ်းစားစိတ်ကူးလျက်နေရာမှ အိပ်ရာသို့ ဝင်အိပ်ရာ အိပ်မက်ထဲ၌ မိမိသည် ရှေးအခါကကဲ့သို့ မောင်ထွန်းမြတ်နှင့်လက်တွဲ၍ လမ်းလျှောက်လျက် ရယ်မောစရာများကို နှစ်ယောက်သားပြောဆိုရယ်မောနေကြစဉ် ခင်မောင်ကြီးက မေမေဟုခေါ်လိုက်ရာတွင် လန့်နိုး၍ ခင်မောင်ကြီးမဟုတ်၊ မောင်သက်ညွန့်နှင့်မွေးသော ကလေးငိုသံမျှသာဖြစ်သဖြင့် အိပ်မက်ပါတကားဟုသတိရပြီး သက်ပြင်းချမိလေ၏။



■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

## ဂန့်ဂေါမြို့၌ အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ



ဂန့်ဂေါ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၂၄ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ခင်စန္ဒာစိုးက အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမဒေါ်အေးအေးပြုံးက ငါးနှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအား သန့်ရှင်းလတ်ဆတ်သောအစားအစာများ မျှတစွာစားသုံးတတ်စေရေးနှင့် အာဟာရအုပ်စုကြီးသုံးစုအကြောင်းတို့ကို အသိပညာပေးဟောပြောကြပြီး ကိုယ်ဝန်ဆောင်များအား စားသောက်ဖွယ်ရာများပေးအပ်၍ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် ကိုယ်ဝန်ဆောင်များအား ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ ငါးနှစ်အောက်ကလေးများအား အရပ်တိုင်းခြင်းနှင့် ကိုယ်အလေးချိန်များချိန်ပေးပြီး အာဟာရပြည့်ဝသည့် အစားအစာချက်ပြုတ်နည်းများကို လက်တွေ့ပြသသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းဇော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အသက်ငါးနှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

## မော်တော်ယာဉ်နှင့် အပိုပစ္စည်းအရောင်းပြပွဲ ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မော်တော်ယာဉ်ချစ်သူများအတွက် စီစဉ်ကျင်းပသည့် မော်တော်ယာဉ်နှင့်အပိုပစ္စည်းအရောင်းပြပွဲ (Myanmar Auto & Parts Expo 2026)ကို စက်တင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အင်းလျားလိတ်ဟိုတယ်ဝင်းရှိ Yangon Convention Centre (YCC)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် အိမ်စီးကား၊ လုပ်ငန်းသုံးကား၊ ဆီကားနှင့် လျှပ်စစ်ကား(EV) brand များစွာကို ကိုယ်တိုင်လာရောက်လေ့လာဝယ်ယူနိုင်မည့်အပြင် မော်တော်ယာဉ်များအတွက် လိုအပ်သည့် တာယာ၊ အင်ဂျင်ဝိုင်၊ EV charger များနှင့် တခြားသောဝန်ဆောင်မှုလုပ်ငန်းများကိုပါ လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပြီး အထူးလျှော့ဈေးများဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ယင်းအပြင် ကုမ္ပဏီများမှ ကုန်ပစ္စည်းမိတ်ဆက်ဆိုင်ရာဟောပြောပွဲများ၊ မော်တော်ယာဉ်ဆိုင်ရာ ပညာပေးဟောပြောပွဲများနှင့် ပညာရှင်များ၏ဟောပြောဆွေးနွေးပွဲများကို အခမဲ့လာရောက်ကြည့်ရှုနိုင်မည့်အစီအစဉ်များ ထည့်သွင်းထားရာ စိတ်ပါဝင်စားသူများအနေဖြင့် လာရောက်လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါမော်တော်ယာဉ်နှင့် အပိုပစ္စည်းအရောင်းပြပွဲ၌ ဝင်ရောက်ပြသလိုသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၄၀၉၄၀၀၀၅၅၊ ၀၉-၄၀၉၄၀၀၀၆၆ နှင့် ၀၉-၄၀၉၄၀၀၀၇၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

# မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ စပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးစီး



မြောင်းမြ ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၆၅၀၀၀ ကျော် စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမိုးစပါးများကို ယခုနှစ်မေလက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ စိုက်ပျိုးထားသည့် မိုးစပါးများအထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုတတ်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"မြောင်းမြမြို့နယ်မှာ မိုးစပါးလျာထားဧက ၁၆၅၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိစိုက်ပျိုးနိုင်စေဖို့ အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်စေရန်၊ ရာနှုန်းပြည့်ပြန်လည်ရိတ်သိမ်းနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျားပျံ၊ ဧရာပဒေသာ၊ နှံကား၊ မနောသုခ၊ ဆင်းသုခ၊ သီးထပ်ရင်၊ ရက်-၉၀၊ ဆာဖိုးသာ၊ ကရင်မ၊ ဗျောသုခ၊ ပေါ်ဆန်း၊ GW-11 ၊ GW-1 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

သုတကျော်

▼ ကျောဖုံးမှအဆက်

အပူပိုင်းမုန်တိုင်း "နာရာ" (NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ" (NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။ မိုးကြီးမည့် သတိပေးချက်နှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

(မိုး/ဇလ)

# မြန်မာ့သိုင်းပညာအခြေခံသင်တန်းဖွင့်လှစ်


ကော့သောင်း ဩဂုတ် ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ပညာရေးဌာနနှင့်ပူးပေါင်းကာ ဆယ်ကျော်သက်အမျိုးသမီးငယ်များ မိမိကိုယ်ကိုကာကွယ်တတ်စေရန်ရည်ရွယ်၍ မြန်မာ့သိုင်းပညာအခြေခံသင်တန်းကို ယမန်နေ့က ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကော့သောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာက သင်တန်းသူများအား မြန်မာ့သိုင်းပညာကို အခြေခံမှစ၍ သင်ကြားပေးသည်။

မြန်မာ့သိုင်းပညာအခြေခံသင်တန်းကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ တက်ရောက်ကြပြီး ဩဂုတ်လ ၂၃ ရက်မှ ၃၁ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# ရန်ကုန်တိုင်း ကလပ်အသင်းပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲနှင့် လူရွေးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ကလပ်အသင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲနှင့် တိုင်းဒေသကြီး လူရွေးပြိုင်ပွဲကို ဩဂုတ်လ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာလက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲပထမနေ့ကို ဩဂုတ်လ ၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး ဝိတ်တန်းအလိုက် ပွဲစဉ်ပေါင်း ၁၉ ပွဲဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ပထမပိုင်း ပွဲစဉ်များအဖြစ် ၄၈ ကီလိုဝိတ်တန်းတွင် နော်ရိန်အောင် (MBC) နှင့် ဖြိုးသူအောင် (PAING CLUB)၊ ခန့်ဖြိုးကျော် (တပ်မတော်-ရေ) နှင့် နိုင်းဝေယံ (ကျိုက္ကလှဲ့/ရွှေကျင်)၊ မျိုးမင်းထွန်း (MAF) နှင့် ထူးအိမ်လွင်(သန်လျင်) တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

၅၁ ကီလိုဝိတ်တန်း၌ အောင်အောင်ဦး (PAING CLUB) နှင့် ခန့်ဇော်သူ (တောင်ဥက္ကလာ)၊ သော်ဇင်ဦး(ဗလကြီး)နှင့်ဘုန်းပြည့်စုံအောင် (သန်လျင်) တို့ တွေ့ဆုံမည်ဖြစ်ကာ ၅၄ ကီလိုဝိတ်တန်းတွင်သန့်စင်ကျော် (ANB) နှင့် ဇော်ဒူလ (တော်ဝင်ရော)၊ ထက်နိုင်အောင် (ပြည်ထဲရေး)နှင့် ဟန်ထူးဇင်(ကျားမနိုင်)တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ဆက်လက်၍ ၅၇ ကီလိုဝိတ်တန်းတွင် ဟန်ထွဋ်မင်း(ANB)နှင့် စည်သူအောင် (MAF)၊ ကျော်စွာမင်း (ကျိုက္ကလှဲ့/ရွှေကျင်) နှင့် ချစ်ထူး(ကျားမနိုင်)၊ ရှိုင်းမင်းထွန်း (တော်ဝင်ရော) နှင့် ဇေလင်းခန့်(သန်လျင်)၊ ကျော်မင်းလွင် (ZEAL) နှင့် သန့်စင်အောင် (DOJO-9) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ၆၀ ကီလိုဝိတ်တန်းတွင် ရဲထက်ပိုင် (MBC) နှင့် ထက်အောင်စည်လင်း (သမန်းကျား)၊ ဥက္ကာဇော် (DOJO-9) နှင့် ဇော်လင်းထွေး (MAF) တို့ တွေ့ဆုံကြမည်ဖြစ်ကာ ၆၃ ဒသမ ၅ ကီလိုဝိတ်တန်း၌ ရန်ရှင်း(MAF)နှင့် သီဟ (ပြည်ထဲရေး)တို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

၆၇ ကီလိုဝိတ်တန်းတွင် ဇော်မျိုးလင်းထွန်း (Focus Power) နှင့် ခန့်သူအောင် (ကျိုက္ကလှဲ့/ရွှေကျင်)၊ နေမျိုးထွန်း (PAING CLUB) နှင့် နော်အောင်လတ် (DOJO-9)၊ ဖြိုးသီဟကျော် (ပြည်ထဲရေး)နှင့် ဝေယံ (MAF) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၇၁ ကီလိုဝိတ်တန်းတွင် ကျော်မြင့်မြတ် (ကျိုက္ကလှဲ့/ရွှေကျင်) နှင့် ချစ်လင်းဇော်(PAING CLUB) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၈၀ ကီလိုဝိတ်တန်းတွင် ကောင်းထက်ဇော်(DOJO-9) နှင့် စောဒဲနစ်(MBC)တို့ အကြိတ်အနယ် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်းသိရသည်။

မိုးထက်

## ဗျူနိုအေးရိစ် မာရသွန်ပြိုင်ပွဲတွင် အီသီယိုးပီးယားအပြေးသမား ကီဂျယ်ချာ စံချိန်သစ်တင်

ဗျူနိုအေးရိစ် ဩဂုတ် ၂၄

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့၌ ကျင်းပလျက်ရှိသည့် ဗျူနိုအေးရိစ်မာရသွန်ပြိုင်ပွဲတွင် အီသီယိုးပီးယားအပြေးသမား ကီဂျယ်ချာသည် ၂၁ ကီလိုမီတာအပြေးပြိုင်ပွဲတွင် စံချိန်သစ်တင်နိုင်ခဲ့သည်။

ကီဂျယ်ချာသည် ဗျူနိုအေးရိစ်မာရသွန်ပြိုင်ပွဲ ၂၁ ကီလိုမီတာပြိုင်ပွဲ(Half Marathon)တွင် ၅၆ မိနစ် ၅၁ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သည့်အတွက် ယခင်စံချိန်ဟောင်းကို ၂၉ စက္ကန့်ဖြင့်ကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကီဂျယ်ချာသည် ယခုနှစ်အစောပိုင်းက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပသည့် လန်ဒန်မာရသွန်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ၁ နာရီ ၅၉ မိနစ်နှင့် ၄၁ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် နှစ်နာရီအောက်ဖြင့် ပန်းဝင်နိုင်ခဲ့သည့် ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

လက်ရှိ မာရသွန်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ၂၁ ကီလိုမီတာမာရသွန်ပြိုင်ပွဲအမျိုးအစား၌ ပြီးခဲ့သည့် မတ်လက ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ကျင်းပသည့် လစ္စဘွန်းမာရသွန်ပြိုင်ပွဲ ၂၁ ကီလိုမီတာ မာရသွန်ပြိုင်ပွဲတွင် ယူဂန္ဒာအပြေးသမားက ၅၇ မိနစ်နှင့် စက္ကန့် ၂၀ ဖြင့် စံချိန်တင်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref:Worldathletic.org*

## ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဒုတိယမြောက်ဂိုးအများဆုံးပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ် ဒုတိယနေရာ၌ရပ်တည်



လန်ဒန် ဩဂုတ် ၂၄

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ်ကစားသည့် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဒုတိယမြောက်သွင်းဂိုးအများဆုံး ကလပ်အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုအဖြစ် ရပ်တည်နိုင်ခဲ့သည်။


နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့သည် ယခုဘောလုံးရာသီအစပွဲစဉ်တွင် နှစ်ဂိုးစီသွင်းယူနိုင်ခဲ့ကြသည်။ ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့ကစားသည့်ပွဲစဉ်များမှ သွင်းဂိုးများမှာ ၂၀၂ ဂိုးအထိရှိလာပြီးနောက် အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့၏ လန်ဒန်ဒါဘီပွဲစဉ်ထိပ်တိုက်တွေ့ဆုံမှုပွဲစဉ်များမှ သွင်းဂိုးများကို ကျော်ဖြတ်ပြီး ဒုတိယမြောက်သွင်းဂိုးအများဆုံးအသင်းများအဖြစ် ရပ်တည်နိုင်ခဲ့ကြခြင်းဖြစ်သည်။


ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ကလပ်အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုများတွင် သွင်းဂိုးအများဆုံး ကလပ်အသင်းနှစ်သင်းအဖြစ် လီဗာပူးအသင်းနှင့် စပါးအသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်များက ထိပ်ဆုံး၌ရပ်တည်လျက်ရှိသည်။ ၎င်းတို့နှစ်သင်းတွေ့ဆုံသည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် သွင်းဂိုးများစွာသွင်းယူနိုင်ခဲ့ကြပြီး စုစုပေါင်း ၂၁၁ ဂိုးသွင်းယူပြီးနောက် ကလပ်အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်များတွင် သွင်းဂိုးအများဆုံးအသင်းများအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ယခုဘောလုံးရာသီ နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် နယူးကာဆယ်အသင်းက ပွဲချိန် ၅ မိနစ်တွင် အီလန်ဂါနှင့် ပွဲချိန် ၅၇ မိနစ်တွင် ဝီလော့ခ်တို့က ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် ဂက်စ်ပိုနှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ကိုးမိနစ်တွင် ဆိုဘော့ဆလိုင်က ပယ်နယ်တီမှတစ်ဆင့် လီဗာပူးအသင်းအတွက် ချေပဂိုးများသွင်းယူနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းအနေဖြင့် လီဗာပူးအသင်းနှင့် တွေ့ဆုံမှုများတွင် ရလဒ်ဆိုးရွားနေသည့် မှတ်တမ်းကောင်းတစ်ရပ်ကို ချေဖျက်နိုင်မည့် အခွင့်အရေးကို လက်လွှတ်ခဲ့ရပြီး လီဗာပူးအသင်းအနေဖြင့် နယူးကာဆယ်အသင်းကို နောက်ဆုံးပွဲ ၂၀ ဆက်မရှုံးနိမ့်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

*Ref:Sky Bet*

## ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ အယ်ကာရက်ဇ်နှင့်ဆရီနာဝီလျံတို့အတွဲပါဝင်မည်





ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ၌ မကြာမီကျင်းပမည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် လက်ရှိထိပ်တန်းတင်းနစ်ကစားသမားများဖြစ်ကြသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလီယံတို့ အတွဲပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတင်းနစ်လောကတွင် ထိပ်တန်းပြိုင်ပွဲတစ်ခုဖြစ်ပြီး အဆင့်အတန်းအမြင့်ဆုံးပြိုင်ပွဲတစ်ခုဖြစ်သည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဩဂုတ်လ ၂၄ ရက်မှစတင်ပြီး စက်တင်ဘာလ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲအတွက် ကစားသမားစာရင်း ပေးသွင်းရာတွင် ထိပ်တန်းတင်းနစ်ကစားသမားများဖြစ်သည့် အယ်ကာရက်ဇ်နှင့် ဆရီနာဝီလီယံတို့ အတွဲပါဝင်ကစားရန် စာရင်းပေးသွင်းမှု လုပ်ဆောင်ထားခြင်းဖြစ်သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၂)နေရာ၌ ရပ်တည်နေသည့် အယ်ကာရက်ဇ်သည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အတွဲလိုက်ပြိုင်ပွဲတွင် ဆုဖလားရရှိခြင်းမရှိသေးသော်လည်း တစ်ဦးချင်းပြိုင်ပွဲတွင် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဆရီနာဝီလီယံသည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲများအပြင် အတွဲလိုက်ပြိုင်ပွဲများတွင်လည်း ၁၉၉၉ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

*Ref:US Open*

## အဓိက ကစားသမား မက်ဆီပြန်လည်ပါဝင်လာသော်လည်း အင်တာမိုင်ယာမီအသင်း ပြိုင်ပွဲစုံလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေ

ဝါရှင်တန် ဩဂုတ် ၂၄

အင်တာမိုင်ယာမီအသင်းသည် အသင်းမှ အဓိက ကစားသမား မက်ဆီ ပြန်လည်ပါဝင်ကစားခဲ့ပြီးနောက်ပိုင်းတွင်လည်း ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး တိုရွန်တိုအသင်းကို ရှုံးနိမ့်ပြီးနောက် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးလျက်ရှိသည်။

မက်ဆီသည် ပြီးခဲ့သည့် ဩဂုတ်လ ၈ ရက်က ၎င်း၏ဖခင်ဖြစ်သူ ဂျော်ဂျီမက်ဆီ ကွယ်လွန်ခဲ့သည့်အတွက် အာဂျင်တီးနားနိုင်ငံသို့ သွားရောက်နေပြီးနောက် ပြီးခဲ့သည့် လိဂ်ရှုံးထွက်ဖလားပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ်ကစားသည့် မွန်တာရေးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်ခြင်းမရှိဘဲ အဆိုပါပွဲစဉ်တွင် အင်တာမိုင်ယာမီအသင်းအနေဖြင့် ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အင်တာမိုင်ယာမီအသင်းက မက်ဆီကို ဖခင်ဖြစ်သူ၏နာရေးအတွက် သွားလာခွင့်ပေးခဲ့သော်လည်း အင်တာမိုင်ယာမီအသင်းအနေဖြင့် အရေးပါသည့်ပွဲစဉ်များ ကစားရန်ရှိနေသည့်အတွက် မက်ဆီက အသင်းနှင့် အမြန်ဆုံးပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် လိဂ်ရှုံးထွက်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် လီအွန်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်ကစားခဲ့သော်လည်း အင်တာမိုင်ယာမီအသင်းအနေဖြင့် ၃ ဂိုး-၂ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရသည်။

အင်တာမိုင်ယာမီအသင်းအနေဖြင့် မက်ဆီပါဝင်လာသော်လည်း ရလဒ်များဆက်တိုက် ဆိုးရွားခဲ့ပြီး လီအွန်အသင်းနှင့်ပွဲစဉ်အပြီး မေဂျာလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲစဉ်အဖြစ်ကစားသည့် နာချီဗီလီအသင်းနှင့်ပွဲစဉ်တွင် ၄ ဂိုး-၁ ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်သကဲ့သို့ ဖီလာဒယ်ဖီယာအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်နှင့် နောက်ဆုံးကစားခဲ့သည့် တိုရွန်တိုအသင်းနှင့်ပွဲစဉ်တွင်လည်း ၂ ဂိုး-၁ ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည်။

အင်တာမိုင်ယာမီအသင်းသည်မေဂျာလိဂ်ပြိုင်ပွဲတွင် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးပြီးနောက် ၂၁ ပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယားထိပ်ဆုံးမှ နာချီဗီလီအသင်းနှင့် ရမှတ် ၁၀ မှတ်အထိ ကွာဟနေကြောင်း သိရသည်။

*Ref:B/R Football*

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၇-၈-၂၀၂၆** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုမည့် BPS M-7 Machine, BPS C4-4, C4-8 Machine Spare Parts များအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၅-၈-၂၀၂၆ ရက်နေ့မှ ၁၁-၉-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက် | - ၁၄-၉-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - ၁၄-၉-၂၀၂၆ ရက်နေ့၊ နံနက်(၁၀:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်တို့၏ ONE NORTH PACKAGING MANUFACTURING CO.,LTD. ၏ အစုရှယ်ယာတန်ဖိုးအား အမေရိကန်ဒေါ်လာ (၃၅,၇၀၀,၀၀၀)မှ အစုရှယ်ယာ (၂၈,၉၄၀,၀၀၀)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

### ပျောက်ဆုံးကြောင်း
လှိုင်မင်းထွေး(ဘ)ဦးမြအောင် ၁၄/ဇလန(နိုင်)၁၃၅၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မြင့်နိုင်(ဘ)ဦးတင်ထွန်း ၁၂/စခန(နိုင်)၀၄၀၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၂၉၆၆၅

### ပျောက်ဆုံးကြောင်း
နွယ်နီဝင်း(ဘ)မိုဟာမက်ရှဖီး(ခ)လှဝင်း ၁၂/သဃက(နိုင်)၂၃၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇင်မိုးဦး(ဘ)ဦးမိုးဆွေ ၁၂/စခန(နိုင်)၀၆၉၂၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ငြိမ်းငြိမ်းစန်း(ဘ)ဦးသန်းဆွေ ၇/ပခတ(နိုင်)၀၇၃၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 302921)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### အမည်မှန်
အထက(၈)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6 မှ ဦးခင်ဇော် ၁၂/အစန(နိုင်)၂၀၈၇၇၄ ၏သမီး မချိုသံဇဉ်ဇော်၏အမည်မှန်မှာ မချိုသံစဉ်ဇော်ဖြစ်ပါကြောင်း။
မချိုသံစဉ်ဇော်

### ဖခင်အမည်မှန်
အထက(၈)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6 မှ မမေသကြဲန်မိုး၏ဖခင် ဦးနေအောင်၏အမည်မှန်မှာ ဦးခင်ကိုဝင်း ၁၄/အဂပ(နိုင်)၁၇၂၉၄၁ ဖြစ်ပါကြောင်း။
ဦးခင်ကိုဝင်း

### ဖခင်အမည်မှန်
အထက၊ ရွှေမြင်တင်၊ ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-10 မှ မောင်ငြိမ်းချမ်းသူ၏ဖခင် ဦးအောင်မျိုးမင်း၏အမည်မှန်မှာ ဦးလွင်မောင်မောင်ဦး ၁၂/လကန(နိုင်)၁၄၀၇၈၇ ဖြစ်ပါကြောင်း။ **ဦးလွင်မောင်မောင်ဦး**

### ပျောက်ဆုံးကြောင်း
စိုးအောင်(ဘ)ဦးတင်ရွှေ ၁၄/ကလန(နိုင်)၀၀၃၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နန်းစုမြတ်ခိုင်(ဘ)ဦးကျော်ထိုက်၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 184026)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်
အထက၊ ရွှေမြင်တင်၊ ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ နန်းအိသက်ဖြိုး၏ဖခင် ဦးအောင်စန်းဦး၏အမည်မှန်မှာ ဦးဝင်းဆန်း ၁၄/ပသရ(နိုင်)၁၁၀၆၀၃ ဖြစ်ပါကြောင်း။ ဦးဝင်းဆန်း

### အမည်မှန်
အထက(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ မစိမ်းလဲ့နန္ဒာ၏မိခင် ဒေါ်စိုးစိုးအေး၏အမည်မှန်မှာ ဒေါ်သန်းသန်းဦး ၁၄/ပသန(နိုင်)၂၅၄၅၇၁ ဖြစ်ပါကြောင်း။
ဒေါ်သန်းသန်းဦး

### အမည်မှန်
အထက(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ မောင်ကျော်ထက်ဝင်း၏ဖခင် ဦးအောင်မျိုးထွန်း၏အမည်မှန်မှာ ဦးအောင်မျိုး ၁၄/သပန(နိုင်)၁၀၇၄၃၆ ဖြစ်ပါကြောင်း။ ဦးအောင်မျိုး

### အမည်မှန်
အထက(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ မောင်ကောင်းခန့်ဇော်၏ဖခင် ဦးဇော်နိုင်၏အမည်မှန်မှာ ဦးဇော်နိုင်ဦး ၁၄/သပန(နိုင်)၀၇၈၉၆၄ ဖြစ်ပါကြောင်း။
ဦးဇော်နိုင်ဦး

### အမည်ပြောင်း
ထ(ခွဲ)လ(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ ဦးလိန်ယော-ဒေါ်ဟုန်းစိမ်းပိုင် ၄/မတန(နိုင်)၀၂၃၆၄ ၏သမီး ရီဂျီနားထုံးအွယ်အား မယောထုံအွယ်ဟုပြောင်းလဲခေါ်ဆိုပါရန်။ မယောထုံအွယ်

### ပျောက်ဆုံးကြောင်း
ခင်ထက်အောင်(ဘ)ဦးကျော်စိုး ၁၂/တကန(နိုင်)၂၅၂၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်မြင့်မြတ်ကျော်(ဘ)ဦးကျော်ဝေ ၁၂/လသယ(နိုင်)၁၁၁၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၂၆၁၃၄၅၃

### ပျောက်ဆုံးကြောင်း
ခင်နှင်းမော်(ဘ)ဦးသန်းကြိုင် ၅/ဆလက(နိုင်)၀၅၀၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၈၄၇၄၃၉

### ပျောက်ဆုံးကြောင်း
ငွေးကျော်(ဘ)ဦးမောင်စိုး ၁၂/ဥကမ(နိုင်)၁၉၇၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၉၃၃၈၄၂

### ပျောက်ဆုံးကြောင်း
ဖြိုးသိင်္ဂီကျော်(ဘ)ဦးကျော်သီဟ ၁၂/မဘန(နိုင်)၁၈၇၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 037948)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၃၄၈၃၂၇

### ပျောက်ဆုံးကြောင်း
ကျော်ငြိမ်းချမ်းလင်း(ဘ)ဦးမျိုးနိုင် ၁၂/တတန(နိုင်)၂၇၅၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၃၄၈၃၂၇

### ပျောက်ဆုံးကြောင်း
ဝီလျှံစောခ(ခ)အောင်သူဟိန်း(ဘ)ဦးဝင်းမောင် ၁၂/ကမရ(နိုင်)၀၇၁၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 316472)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အောင်နိုင်ကျော်(ဘ)ဦးငြိမ်းကြွယ် ၁၂/လသယ(နိုင်)၀၄၇၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၅၄၆၇၇၄

### ပျောက်ဆုံးကြောင်း
ခင်မောင်မြင့်(ဘ)ဦးငြိမ်းမောင် ၉/ပဘန(နိုင်)၁၇၂၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၇၇၅၂၁၀

### အမည်မှန်နှင့် ဖခင်အမည်မှန်
လှိုင်းဘွဲ့မြို့၊ အ.လ.က(ကမေ့လဲ)၊ Grade-5 မှ နန်းဖြိုးသဇင်အောင်၏အမည်မှန်မှာ နန်းလင်းအိဖြိုးဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးခွန်ရဲလင်းဦးဖြစ်ပါကြောင်း။
နန်းလင်းအိဖြိုး၊ ဦးခွန်ရဲလင်းဦး

### ပျောက်ဆုံးကြောင်း
နန်းမြမြအေး ၃/ဘအန(နိုင်)၂၆၅၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၈၃၁၃၉၃၉

### ဖခင်အမည်မှန်
ဘားအံမြို့၊ အထက(ခွဲ)အုန်းတပင်၊ Grade-5 မှ စောသိန်းဝင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်သိန်း ၃/ကကရ(နိုင်)၂၁၉၉၅၉ ဖြစ်ပါကြောင်း။
ဦးတင်သိန်း

### ပျောက်ဆုံးကြောင်း
ခင်မြတ်နိုး(ဘ)ဦးကျော်အောင် ၅/ခဥန(နိုင်)၁၃၉၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 446585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နေဇော်(ဘ)ဦးမာမက် ၃/လဘန(နိုင်)၀၃၅၆၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 070636)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၆၅၅၃၆၅

### ဖခင်အမည်မှန်
ဘားအံမြို့၊ အထက(ခွဲ)အုန်းတပင်၊ Grade-12 မှ နန်းရွှေသဇင်မိုး၏ဖခင်အမည်မှန်မှာ ဦးစောအရွှေ ၃/ဘအန(နိုင်)၀၇၉၀၃၉ ဖြစ်ပါကြောင်း။
ဦးစောအရွှေ

### အမည်ပြောင်း
ဘားအံမြို့၊ အထက(ခွဲ)အုန်းတပင်၊ Grade-5 မှ အဘ ဦးစံထွေး ၃/ကကရ(နိုင်)၂၂၆၀၃၁ ၏သမီး နန်းထက်ရွှေရည်ဝင်းအား နန်းထက်ရွှေရီဝင်းဟုပြောင်းလဲခေါ်ပါရန်။
နန်းထက်ရွှေရီဝင်း

### ပျောက်ဆုံးကြောင်း
သန်းလင်း(ဘ)ဦးကျော်မြင့် ၁၂/စခန(နိုင်)၀၇၄၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မောင်လုမ်အောင်(ဘ)ဦးဇော်လားတူး ၁၃/ကမန(နိုင်)၁၃၃၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၆၁၆၁၁၃

### ပျောက်ဆုံးကြောင်း
လပြည့်ဝန်း(ဘ)ဦးအောင်ဇော် ၁၂/ဥကမ(နိုင်)၂၅၉၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၄၅၈၆၈၂

### ပျောက်ဆုံးကြောင်း
ဇင်မာနွယ်(ဘ)ဦးကျော်မင်း ၇/ပခန(နိုင်)၃၆၀၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၃၆၂၉၅၅

### ပျောက်ဆုံးကြောင်း
ဝင်းသိင်္ဂီဖြိုး(ဘ)ဦးတင်ထွန်း ၆/သရခ(နိုင်)၁၀၅၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၃၇၄၃၇၇

### ပျောက်ဆုံးကြောင်း
ကျော်စွာလင်း(ဘ)ဦးဆိုက်ဖွလ္လာ ၉/ခအဇ(နိုင်)၀၄၀၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၂၀၀၈၉

### ပျောက်ဆုံးကြောင်း
အာကာဝင်းထွဋ်(ဘ)ဦးနေဝင်း ၉/ပဥလ(နိုင်)၀၄၃၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 295958)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၀၇၈၆၃၅၅

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့၊ ကွင်းနောက်ရပ်ကွက်နေ ထွန်းထွန်းဝင်း(ဘ) ဦးစိန်မြင့် ၇/ကတခ(နိုင်)၀၇၄၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၁၅၉၉၂

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့၊ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊ သစ်စိမ့်ပင်(မြောက်)ကျေးရွာနေ သိန်းထက်အောင်(ဘ)ဦးမြင့်ဝင်း ၉/တကန(နိုင်)၂၄၃၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၆၅၃၂၅၂၄

### မိဘအမည်မှန်
လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)ရေကာ Grade-8 မှ မောင်ထူးခန့်လင်း၏မိဘအမည်မှန်မှာ ဦးဇော်မင်းခိုင် ၉/လဝန(နိုင်)၂၀၄၄၁၉ နှင့် ဒေါ်တင်ဆင့် ၉/လဝန(နိုင်)၂၁၅၃၄၃ ဖြစ်ပါကြောင်း။
ဦးဇော်မင်းခိုင်-ဒေါ်တင်ဆင့်

### ပျောက်ဆုံးကြောင်း
စမ်းစမ်းအေး(ဘ)ဦးချစ်ထွန်း ၁၂/စခန(နိုင်)၀၈၃၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၇၉၃၄၁၄၃

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးဇော်(ဘ)ဦးဝင်းနိုင် ၁၂/ရပသ(နိုင်)၁၀၀၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၀၁၆၃၇၅

### ပျောက်ဆုံးကြောင်း
ခင်ငြိမ်းချမ်း(ဘ)ဦးဝင်းမြင့် ၈/မလန(နိုင်)၁၀၈၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၇၄၂၇၄၃

### ပျောက်ဆုံးကြောင်း
မင်းကျော်သူ(ဘ)ဦးဝင်းနိုင် ၈/ဆဖန(နိုင်)၀၇၅၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပညာဘဏ်တိုက်စာကြည့်တိုက်**


STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
Lemon Tea
NAN MYAING
KHA YAE PIN MART


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A GOLD MEDAL
AIBA
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲစတင်ကျင်းပ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ယနေ့မှစတင်၍ စက်တင်ဘာလ ၂ ရက် အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကာ ပြိုင်ပွဲဖွင့်ပွဲအခမ်း အနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန

စာမျက်နှာ ၂၄ ကော်လံ ၁ ➜



## ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၆ ခုနှစ် ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ (ဒုတိယအကျော့ပွဲစဉ်အဖြစ်) ဗီယက်နမ်အမျိုးသားလက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသားလက်ရွေးစင်အသင်းတို့သည် ဩဂုတ်လ ၂၆ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မိုင်ဒင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်အား ယင်းနေ့ည ၇ နာရီ ၁၅ မိနစ်တွင် MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။


မြဝတီ

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော

စာမျက်နှာ ၂၇ ကော်လံ ၁ ▼




## စစ်တောင်းမြစ်ရေနှင့် သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၁၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပြီး သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် မြဝတီမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ချမ်းအေးသာစံနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၉၅၉၃ သသမ ၅ သိန်း တန်ဖိုးနှင့် ဗဟန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၄

ချမ်းအေးသာစံနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၉၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိပြီး တရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ

စာမျက်နှာ ၂၄ ကော်လံ ၃ ➧



တရားခံ အီညားရှို့နှင့် အန်တောမြို့တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀ ပြား၊ ဘိန်းစိမ်း ၄၈ ကီလိုနှင့် ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလိုတို့နှင့်အတူ တွေ့ရစဉ်။

## ရန်ကုန်တိုင်း ကလပ်အသင်းပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲနှင့် လူရွေးပြိုင်ပွဲကျင်းပမည်

စ၁ - ၂၇ သို့

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၈-၂၀၂၆

| | | |
|---|---|---|
| ရေး | ၅ ဒသမ ၇၁ | လက်မ |
| ပူတာအို | ၃ ဒသမ ၇၄ | လက်မ |
| မြဝတီ | ၃ ဒသမ ၇၄ | လက်မ |
| ကော့ကရိတ် | ၂ ဒသမ ၇၁ | လက်မ |
| ဘားအံ | ၂ ဒသမ ၄၀ | လက်မ |
| ငါးသိုင်းချောင်း | ၂ ဒသမ ၃၆ | လက်မ |
| စစ်တွေ | ၂ ဒသမ ၂၀ | လက်မ |
| မဒေါက် | ၁ ဒသမ ၈၉ | လက်မ |
| အောင်လံ | ၁ ဒသမ ၈၁ | လက်မ |
| ဆင်ဖြူကျွန်း | ၁ ဒသမ ၅၀ | လက်မ |
| ကျိုက္ခမီ | ၁ ဒသမ ၅၀ | လက်မ |

## ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် တိုက်စစ်မှူး မင်းမင်းခန့် ရပ်တည်

ရန်ကုန် ဩဂုတ် ၂၄

ယခုကျင်းပလျက်ရှိသည့် MNL U20 League 2026 ဘောလုံးပြိုင်ပွဲ၏ ပထမအကျော့ပွဲစဉ်များအပြီးတွင် ဂိုးသွင်းအများဆုံးကစားသမား (Top Scorer) စာရင်းကို ဒဂုံစတားယူနိုက်တက်အသင်းမှ ရှေ့တန်းတိုက်စစ်မှူး မင်းမင်းခန့်က သွင်းဂိုး ၁၂ ဂိုးဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ ➥

